# သခင့်စကား

## The LORD's Word

မင်းအောင်သက်လွင်စီစဉ်ထုတ်ဝေသည် ဝိညာဉ်ရေး ရာ စာစောင်

ငါ့ကိုချစ်သောသူသည် ငါ့စကားကို နားထောင်လိမ့်မည်။ ငါ့ခမည်းတော်သည် ထိုသူကို ချစ်တော်မူသည်။ ငါတို့သည်လဲ သူ့ဆီသို့ကြွ ၍ နေရာချမည်။ ယော ၁၄း ၂၃

အမှတ်စဉ် (၁၀၄) ဧပြီလ ၂၀၁၀ ခုနှစ် ဓမ္မဒါန (လစဉ်ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ဖြန့်ချီသည်)

### သခင့်စကား ရေဗက္က(U.Y.G) (ဆာလံ ၁၁၉း၁၀၃-၁၀၅)



သဲထိတ်ရင်ဖို ရင်ကိုကိုင်လှုပ်စေမယ့်
စုံထောက်ဇာတ်လမ်းတွေ စွဲလန်း နှစ်ခြိုက်စွာဖတ်ခဲ့ဖူးပါတယ်...
အနုအလှတွေနဲ့ ဘဝ ရသ အစုံကို
ဇာတ်လမ်း အဖုံဖုံအဖြစ် စွဲလန်း နှစ်ခြိုက်စွာ ဖတ်ခဲ့ဖူးပါတယ်...
ဒါပေမဲ့.... ခံတွင်းထဲမှာ ပျားရည်ထက် ချိုတဲ့
ဘုရားရဲ့ မိန့်မှာချက်တွေ ဖတ်ရတဲ့အခါ... ကျွန်ုပ်ဘဝအတွက်
ခြေရှေ့မှာ မီးခွက်ဖြစ်လို့ မကောင်းတဲ့လမ်းကို လွှဲရှောင်နိုင်ခဲ့တယ်..
နေ့စဉ်နဲ့အမျှ တောင့်တမြော်လင့် သခင့်စကားကို
အို... ဖတ်ပြီးရင်းဖတ်ချင် သမ္မာကျမ်းစာပင် ဖြစ်တော့တယ်... ။

-----------------------------



### အနှစ် - ၅ ( ဝင်းမြင့်ဦး )

၁။ မျှော်သာ မျှော် ပေါ်မလာ ဇာတ်ကား ရိုက်တဲ့မင်းသား မျှော်လင့်ချက်ပေးပြီး ဆွေးရတဲ့ တေးသွား၊ အာဒံ လည်မြိုမှာ တစ်နေတဲ့ ပန်းသီးစေ့။ လျှပ်စီးလက်တဲ့ ဘရုစ္စလီရဲ့တိုက်ကွက် အသီးခူးတဲ့ ဧဝ ရဲ့လက်နဲ့ယှဉ်ရင် နောက်ကောက်ကျ ကောင်းရဲ့---- လက်ညှိုး ထိုးတတ်မှ သမ္မာဖြစ် ကမောက်ကမ ဒီအခွံကြီးထဲ အခမဲ့ ပေးခဲ့တဲ့ မေတ္တာဟာ အခက် မမိတဲ့ သစ္စာတေးသွား ဖြစ်ရပြီလား----။

၂။ တန်ဖိုး အမှန်ကို တွေးရင်း တစ်ခါတစ်ရံ ကိုယ့်ကိုကိုယ် မျက်လှည့်ပြန်ပြနေမိ။ ဘယ်ဘက်က ဧသော၊ ညာဘက်က ယာကုပ် သူ့ဟာနဲ့သူ အလုပ်ဖြစ်လို့။ မမြင်ရသေးတဲ့ ရွှေကြောကို ခပ်ပေါပေါ ပဲကုလားဟင်းနဲ့ လဲ စားလား လဲ စားရဲ့----- မထိုက်မှန်း မကိုက်မှန်းသိလည်း လိုချင်တာအတွက် အနှစ်ကို မျှော် အကာကို ဖွဲ့ကျွေးလား ကျွေးရဲ့------။



၃။ အို--ချစ်တဲ့သူငယ်လေ
မင်း ရှေ့က ခွက် -- သားဦးအတွက် သက်သက် မဟုတ်
အားလုံးအတွက် ခရစ်တော်ပေးခဲ့ပြီမို့ ငါတို့အတူ သောက်မဲ့ခွက်ဟာ
ဆူးလေ မှတ်တိုင်နားက ရေခဲရည် မဟုတ်၊
သွေးရင်းခြင်း ကလိန်ခြုံကျရမဲ့ အမဲဟင်းတစ်ခွက် မဟုတ်
ခရစ်တော်ကို ယုံသူတိုင်းအတွက် သားဦးခွက်ဆိုတာ မရှိ
ပကတိ တန်ဖိုးအပြည့်နဲ့ အားလုံးတပြေးညီ သောက်သုံးခွင့် ရှိ
အဲဒီ ခွက်ဟာ နောက်မှ သောက်ရမဲ့ ခွက် မဟုတ်၊ ဧသော ယာကုပ် ခွက်လည်း မဟုတ်။ ငါတို့အခု သောက်ရမဲ့ ကျေးဇူးတော် ခွက် ဖလားလေ။ ဆိုတော့ကာ - - -
ဒီအခွံကြီးထဲမှာ ဘာသစ္စာဖေါက်ဖို့ လိုသေးလို့လဲ။

---------------------------------------------

### ပြဋ္ဌာန်းချက် လေး ငယ်

ကယ်တင်ခြင်းဆိုတဲ့ သီအိုရမ်မှာ ၊ ယုံကြည်ခြင်းဆိုတဲ့ ပေးထားချက် မပါခဲ့ရင် ၊ ကယ်တင်ခြင်းရမယ်ဆိုတာ Term & Condition အရ သက်သေပြလို့ မရဘူးနော် ။



### Biblical Mail (Samuel Soe Lwin)

ဟော့ဟော့.....ဒီမှာ ဒီမှာ ကောင်းစားချင်သလား။ အတွေးမမှားနဲ့နော် ဘုရားပေးဦးနှောက်ကို အလွှာလိုက် မင်းသုံးတတ်ရင် မင်းခြေလက်လည်း မီးပြာ မစွဲဘူး။ အဆင့်အတန်းလည်းမနိမ့်၊ ခြံတိုက်တာလည်း ဖိတ်ဖိတ်တောက်မယ်။ ဒါက အလွယ်လေး E-Mail Account လုပ်၊ အရပ်ရှစ်မျက်မှာ စာတွေပို့ ကောင်းကြီးမိုးဆွေ အရပ် ရှစ်မျက်နှာမှ လာမယ်လေတဲ့...။ ဟော့ဟော့......ဒီမှာ ဇာတိစကားတွေများ ယောင်၍ပင် အတွေးမမှားလေနှင့် သမ္မာတရားမှာသာ ကျင်လည် ဘုရား အလိုတော်သာ မှီဝဲရင် မင့်ဂုဏ်အရှိန်လည်း မီးပြာ မစွဲရဘူး၊ အောက်တန်းလည်း သင်မကျ၊ သခင့်ဘုန်းလည်း ဖိတ်ဖိတ်တောက်မယ်။ ဒါကမှ အလွယ်လေး Kneel-Mail Account လုပ်၊ အထက်အရပ်ကိုသာ တင်ပို့ ကောင်းကြီးမိုးတွေ အရယ် ဆယ်မျက်နှာမှ လာမယ်လေတဲ့......။ ဇာတိ သွေးထိုး ပြောစကားနှင့် ဝိညာဉ် သွေးစကား ငါလေကြားတော့ ဘေးဘီ ဝဲယာကို ငါကြည့် သခ်န်းစာ ယူလိုက်မိတာက ရှက်ကြောက် စရာလည်းမလို၊ Line ပြတ်တောက်၊ နှောင့်နှေးကြန့်ကြာတတ်တဲ့ E-Mail ကိုလည်း ငါမဖွင့်။ နှောင့်နှေးခြင်း ကြန့်ကြာစရာ ဇယားရှုပ်စရာ မလိုတဲ့ Kneel-Mail Account ကိုငါဖွင့်၊ Kneel-Mail ကိုကျင့်သုံးခဲ့တာ ယနေ့တိုင်အောင် သခင့်ဘုန်း လက်ဖြာလျှက် ပါပဲလေ။ ။

---------------------------



### အမြဲတမ်း:Online (မင်းထွန်းသက်လွင်)

တီ ... တီ ... တီ ... တို ... တို ... တို
မြည်ပြန်ပြီ ငါ့ရဲ့ဖုန်း ၊ မင်းတို့ဘဲ မိတ်ဆက် မင်းတို့ဘဲ ခေါ်၊ မင်းတို့ဘဲ ပြော၊ မင်းတို့ဘဲ ချစ် ၊ မင်းတို့ဘဲ ပစ်။ မရိုးမထပ်တဲ့ ဖုန်း ဇာတ်လမ်းတွေနဲ့ မနက် ....၊ နေ့လည် ....၊ ညနေ ဖုန်း တွေ ဆက်။ စကားတွေ တရစပ်ပြော၊ အချစ်ပွဲစား ဒါရိုက်တာက ခပ်ကောင်းကောင်း ဘုမသိ ဖုန်းခေါ်ခံရတဲ့ မင်းသားက ခပ်ကြောင်ကြောင်။ ဖုန်းတွေ ဆက်ကြတဲ့ မင်းသမီး ပေါင်းများစွာ၊ ဇာတ်လမ်းပေါင်း မျိုးစုံ ၊ အကယ်ဒမီတွေ တသီကြီးရ။ စကာ်ပူက "ည"တွေ ၊ **SingTel, Star Hub, M1** လေလှိုင်းထဲက ဖုန်းဇာတ်လမ်းတွေကြောင့် ပိုက်ဆံလဲ ကုန် အကျိုးလဲ မရ ၊ မအိပ်မနေ ဖုန်း ဆက်ဆက်ကြတဲ့ အမည်မသိ ကောင်မလေးတွေ မင်းတို့တွေအတွက် **in coming Free, out going Free** မရိုးမညည်းတဲ့ ဇာတ်ကို နားဆင်ဖို့။ ဝမ်းနည်းတာတွေ ဖြေသိမ့်ဖို့ ၊ ခံစားတာတွေ ဖြေဖျောက်ဖို့၊ မွန်းကျပ်တာတွေ ရှင်းလင်းဖို့ ၊ ရင်ဖွင့်တာတွေ ခံစားဖို့၊ သိပ် စိတ် အညစ်မခံနဲ့။ အကြံပေး အတိုင်ပင်ခံ၊ လက်ခံ စကား ပြောပေးမဲ့ ၊ သခင်ယေရှု အမြဲတမ်း **Online** ဖွင့်ထားတယ်ဆိုတာ ၊ မင်းတို့လေးတွေ သိစေချင်တယ်။ ။

---------------------------------------

### ဘုရားသခင်၏ကောင်းကြီးမင်္ဂလာဆိုင်ရာ တရားလေးပါး (အန်ဒရူး)

"ငါသည် သင့်ကိုလူမျိုးကြီးဖြစ်စေမည်။ ငါကောင်းကြီး ပေး၍ သင်၏နာမကို ကြီးမြတ် စေမည်။ (က၊ ၁၂း၂၊၃ခ) ကျွန်ုပ်တို့၏ ကောင်းကြီးများကိုအခြားသူများကို ကောင်းကြီးပေးခြင်း၌ အသုံးပြုရန် ကျမ်းစာ၌ သွန်သင်ထားပါသည်။ **ကျွန်ုပ်တို့၏ ကောင်းကြီး များသည် အခြား သူများကိုလည်း ကောင်းကြီး ဖြစ်စေရမည်။**

ကျမ်းစာက သွန်သင်သည်မှာ ကျွန်ုပ်တို့ ကောင်းကြီးခံစားရခြင်းသည် ကောင်းစားခြင်း၊ ပျော်ရွှင်ခြင်းနှင့် အဆင်ပြေစွာ နေထိုင်ခွင့်ရခြင်း မျှသာ မဟုတ်ပါ။ အခြားသူများကိုလည်း ဝေမျှခံစားရန် ဖြစ်သည်။ ဘုရားသခင်က အာဗြံဟံအား "ငါသည် သင့်ကို လူမျိုးကြီးဖြစ်စေမည်။ ဟု ဆိုသည်။ (က၊ ၁၂း၂၊၃ခ)

ဤကား ကောင်းကြီးမင်္ဂလာဆိုင်ရာ ပထမ တရားဖြစ်သည်။ ကောင်းကြီးသည် အပြင်သို့ စီးထွက်ရပေမည်။ **ကျွန်ုပ်တို့သည် အခြားသူများ ကို ကောင်းကြီးပေးလျှင် ဘုရားသခင်သည် ကျွန်ုပ်တို့၏ လိုအပ်မှု များကို ဂရုပြု စောင့်ရှောက် တော်မူမည်။**

ဘုရားကတိတော် ရှိသည်မှာ ကျွန်ုပ်တို့သည် အခြားသူများကို ကောင်းကြီး ဝေမျှခြင်း၌ ဝန်တာထားလျှင် သူသည် ကျွန်ုပ်တို့ လိုအပ်မှုများကို ဂရုစိုက်တော်မူလိမ့်မည်။အခြားသော သူများကို အမှန် ကူညီလိုသူ၌ ဘုရားသခင် မပြုလုပ်ပေးသောအရာ ဘယ် အရာတခုမျှ မရှိပါ။ ဘုရားသခင်သည် ဤကောင်းကြီးကို အာမခံ တော်မူသည်မှာ အမှန်ဖြစ်သည်။ (လု၊၁၈း၂၉,၃၀)။ သင်သည် အခြား သူများကို ကူညီခြင်း အမှု၌ ဂရုစိုက်သော် ဘုရားသခင်သည် သင်၏ ပြသနာများကို သူ့ တာဝန်အဖြစ် ယူပေမည်။ ဤသည်ကား မှန်သော ကောင်းကြီး ဖြစ်သည်။ သင်၏အခက်အခဲများကို သူကိုင် တွယ်ရာ၌ သင့်ထက် သာလွန်၍ ကောင်းပေသည်။ အခြားသူများကို ကျွန်ုပ်တို့ကောင်းကြီးဝေမျှခြင်းဖြင့် ကျွန်ုပ်တို့သည်လည်း ပြန်လည်၍ ကောင်းကြီး ခံစားရပေလိမ့်မည်။ သင်သည် သူတပါး၌ သာ၍ဝေမျှခြင်း၊ သူတပါး၌ သာ၍ ကူညီခြင်း အမှုပြုသော် ဘုရားသခင် သည် သင်၏ အသက် တာ၌ သာ၍ကောင်းကြီး ပေးပေလိမ့်မည်။ ရှင်လုကာက ကျွန်ုပ်တို့အား "သူတပါးအား ပေးကြလော့။ ပေးလျှင် သူတပါးသည် သင်တို့အား ပေးကြလိမ့်မည်။ အကြင်ချိန်၊ တင်း ပမာဏနှင့် သင်တို့သည် သူတပါးအား ပေး၏။ ထိုပမာဏအတိုင်း ကိုယ်ခံရကြမည်။" ဟု ဆိုထားသည်။(လု၊ ၆း၃၈)

**သင်သည် ဘုရားသခင်၌ပေးဆပ်၍မရနိုင်ပါ။**

သို့သော် သင်သည် သင့်ပတ်ဝန်းကျင်ရှိ သူများကို ကြိုးစား၍ ကောင်းကြီး ပေးသော် ဘုရားသခင်ကသာ၍ ဆိုသည်မှာ " ငါသည် သင့်အပေါ် ကောင်းကြီး သွန်းလောင်းတော်မူမည်"။ ဤနေရာ၌ ကျွန်ုပ်တို့ ပြိုင်ပွဲငယ် တခုကို ပြုကြမည်။ မည်သူ နိုင်လိမ့် မည်ကို ရှုစားကြမည်။ မည်သူက သာ၍ ပေးနိုင်မည်နည်း၊ ကြည့်ပါ။ သင်သည် သူတပါး၌ သာ၍ကောင်းကြီးပေးသော် ဘုရား သခင်က ငါသည် သင်၌ ပြန်လည်၍ သာ၍ ကောင်းကြီးပေးမည်။"

**ဘုရားသခင်ထံမှ သာ၍ကောင်းကြီးခံရခြင်းဖြင့် အခြား သော သူများကို ကူညီရန် သူသည် ကျွန်ုပ်တို့၌ သာ၍ မျှော်လင့်တော်မူသည်။**

ယေရှုက " သခင်၏အလိုကို မသိဘဲလျက်၊ ဒဏ်ခံထိုက် သော အမှုကို ပြုမိသော သူမူကား၊ အနည်းငယ်သော ဒဏ်ကိုသာခံရ၏။ အကြင်သူသည် များစွာသော ကျေးဇူးကိုခံ၏။ ထိုသူသည်အများကိုဆပ်ရ၏။ အကြင်သူ၌များစွာသော ဉစ္စာကိုအပ်နှင်း၏။ ထိုသူကိုများစွာ တောင်းလိမ့်မည်။ " ဟု ဆိုသည်။ (လု၊ ၁၂း၄၈)

သင့်အသက်တာ ကောင်းကြီးများ ခံစားရခြင်းအပေါ် မူတည်ပြီး အခြားသော ဆင်းရဲသော ကမ္ဘာရှိ နိုင်ငံများ၌ ရှိနေ သော သူများထက် သင်၌ သာ၍ သူတပါးကို ကောင်းကြီးပေးရန် တာဝန်ရှိကောင်း ရှိပေမည်။ သင်နှင့် ကျွန်ုပ်တို့၌ သူတပါးတို့ မရရှိသော လွတ်လပ်ခြင်းနှင့် အခွင့် အရေးများကို စက်ာပူ၌ ဘုရားသခင်ထံမှ ပေးအပ်ခြင်း ခံရပါသည်။ သင်နှင့် ကျွန်ုပ်တို့သည် စက်ာပူ၌ ရုပ်ပိုင်း၊ ခန္ဓာပိုင်းနှင့် ဝိညာဉ်ပိုင်း ဆိုင်ရာ ကြွယ်ဝခြင်းကို အခြားသော ဆင်းရဲသော ကမ္ဘာရှိ သူများ၌ မရရှိနိုင်သော အရာ များကိုသာ၍ ခံစားကြရပါ သည်။ ဤအရာများ၌ သင်နှင့် ကျွန်ုပ် ဆင်ခြင်ကြမည်။ သင်နှင့် ကျွန်ုပ်သည် အခြား သော ဆင်းရဲသော ကမ္ဘာရှိ သူများထက် ကောင်းကြီး သာ၍ ခံစား ရသော် ဘုရားသခင်က သင်နှင့် ကျွန်ုပ်သည် အခြားသော ဆင်းရဲသော ကမ္ဘာရှိ သူများကို ဂရုစိုက်ရန် အလိုရှိပါသည်။ ဤ အရာများက သင့်အား ဆင်ခြင်ရန် အကြောင်း ဖြစ်စေပါသလား။ (အန်ဒရူး)

---

## <u>လမ်းပြပို့ဆောင်</u> F. Penny (Mizo) တမူး

ရှေးဦးစွာ ယနေ့အချိန်ထိ ကျန်းမာခြင်းကိုပေးပြီး စောင့်ရှောက်တဲ့ အဖ ဘုရားသခင်ရဲ့ ကျေးဇူး တော်ကို ချီးမွမ်းပါတယ်။ ဟာလေလုယာ။ ကျွန်မ လူမှန်း သိတတ်စ အရွယ်ကနေ အခုအရွယ်ထိ တစ်ခါမှ သက်သေ မခံခဲ့ဖူးပါဘူး။ ဒီစက်ာပူရောက်မှ သခင့်စကား စာစောင်ကို ဖတ်မိတဲ့ အခါကျတော့ စာတန်ရဲ့ လှည့်စား မှုကိုမခံရဖို့ ဆုတောင်းခြင်းနှင့် ဝိညာဉ်ခွန်အား ယူနိုင်ဖို့အတွက်သိ်ငခံယူမိတဲ့အတွက် ဒါ ပထမဦးဆုံးအကြိမ် ကျွန်မရဲ့သက်သေခံချက်ပါ။ အခုလို သခင့် စကား စာစောင်မှာ သက်သေ ခံခွင့်ရတဲ့အတွက် အဖဘုရားသခင်ရဲ့ ဘုန်းတော် သာ၍ ကြီးမြတ် ပါစေ။ အာမင်။ ကျွန်မ ဒီစက်ာပူနိုင်ငံကို (၂၅-၆-၂၀၀၈) ခုနှစ်က ရောက်ရှိ ခဲ့ပါတယ်။ ရောက်စမှာတော့ အရမ်းပျော်ဖို့ကောင်းမှာပဲဆိုပြီး စိတ်ကူးယဉ် အိပ်မက်လေးနဲ့ပေါ့။ ဒါပေမယ့် တကယ်မှာတော့ အထင်နှင့်လက်တွေ့ ဘဝဟာ အရမ်းကွာခြားခဲ့ပါတယ်။ ကျွန်မတို့က အရမ်းညံ့ဖျင်းလို့ဖြစ်ပါမယ်။ ဘာသာ စကား မကျွမ်းကျင်မှုက အဆိုးဆုံးပေါ့။ ကျွန်မရဲ့အလုပ်ရှင်တွေက ခရစ်ယာန် တွေဖြစ်ကြပါတယ်။ တနင်္ဂနွေ နေ့တိုင်း ဘုရားကျောင်းလိုက်ရပါတယ်။ ဒါပေမယ့် ကျွန်မစိတ်ထဲမှာ ဘုရားသခင်မကိန်းဝပ်သလိုပဲ ခံစားရပါတယ်။ ကျွန်မ အမြဲတမ်းညရောက်ရင် ကျမ်းစာဖတ်တယ်။ ဆုတောင်းပြီးမှအိပ်တယ်။ ကျွန်မ တို့အိမ်က အရမ်း ခေတ်မီလှပတဲ့ အထပ်လေးထပ်ပါရှိပြီး ခြံဝန်းကျယ် နဲ့ပေါ့။ အဲဒီမှာလုပ်ရတဲ့ ကျွန်မ ဘယ်လောက် အလုပ်များမလဲဆိုတာ စာဖတ် သူတို့ စဉ်းစားကြည့်ရင် သိကြပါလိမ့်မယ်။ ဒီလိုနဲ့ နေလာရင်း တစ်လကြာပြီး တဲ့နောက်မှာ သူတို့က ကျွန်မကို အရမ်း အနိုင်ကျင့်ကြပါတယ်။ ဒီလောက ကြီးရဲ့ ထုံးတမ်းအစဉ် အလာဖြစ်တဲ့ ကြီးနိုင်ငယ်ညှင်းဆိုသလိုပေါ့။ နည်းနည်း လေးအမှား လုပ်မိရင် မောင်းထုတ်ပြီး ဆူဆဲဖို့နဲ့ ရိုက်ဖို့ လက်က ရွယ်ပြီးသား ဖြစ်နေခဲ့ကြပါတယ်။ ပြီးတော့ သူတို့မှာ သားနှစ်ယောက်ရှိပါတယ်။ ကလေးတွေ ငိုရင်လဲ ကျွန်မကို "နင်ခရစ်ယာန်မဟုတ်လား။ ဘာကြောင့် ငါတို့ ကလေး ငိုရတာလဲ။ နင်ဒီမှာနေတာ နင့်ရဲ့ကိုယ်ပိုင်အချိန်ဘာမှမရှိဘူး။ နင့်ရဲ့ အချိန် အားလုံးကို ငါတို့ပိုက်ဆံပေးပြီးပြီ။ ဒါ့ကြောင့် ငါတို့ရဲ့ အချိန်ကို မဖြုန်းတီးပါနဲ့။ နင့်ကို အလုပ်လုပ်ဖို့ ခေါ်တာ နင်ပြန်ချင်တယ် ဆိုရင်တောင်မှ နင့်ကို ပြန်မပို့ဘူး ဆိုတဲ့စကားတွေပြောပြီး ကျွန်မရဲ့ ယုံကြည်မှုကိုလည်း ပုတ်ခတ်ကြပါတယ်။ တစ်ကြိမ်မက အကြိမ်ဖန်များလာတော့ ကျွန်မကလည်း မခံနိုင်တော့လို့" "Sir ကျွန်မ မကောင်းရင် မှားတယ်ဆိုရင် ကျွန်မ ကိုပဲပြောပါ။ ကျွန်မ ယုံကြည်တဲ့ ထာဝရဘုရားကိုတော့ မပြောပါနဲ့ တောင်းပန် ပါတယ်လို့ ပြောလိုက်မိ ပါတယ်"လို့ အဆိုးဆုံးက Agent ရဲ့ လိပ်စာ ဖုန်းနံပါတ် မယူခဲ့မိလို့ Agent ကို ဆက်သွယ်မရဘဲ ဒုက္ခရောက်ခဲ့ရပါတယ်။ ဒီလိုနဲ့ အဲဒီအိမ်မှာ (၅)လခွဲ ကျွန်မ နေခဲ့ပါတယ်။ ဒီလိုသခင့်စကားစာစောင် တွေ့ဖို့၊ ဖတ်ဖို့ဝေးလို့



သခင့်စကား ဝိညာဉ်ရေးရာ စာစောင်အမှတ်စဉ် ၁၀၄ ၊ ဧပြီလ ၂၀၁၀ခုနှစ်။ စင်ကာပူနိုင်ငံရှိ မြန်မာခရစ်ယာန်
အသင်းတော်များအတွင်း အခမဲ့ ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။

အိမ်ထဲက အိမ်ပြင်မထွက်ရဘဲ ကိုယ့် မြန်မာနိုင်ငံက လူတွေကိုတောင် မတွေ့ရတဲ့ အိမ်တွင်းပုန်းမလေး ဖြစ်ခဲ့ရတယ်။ ဒီလိုဒုက္ခတွေ ကြုံတွေ့ ခဲ့ရတာ ကျွန်မအတွက် ထာဝရဘုရားကိုမြင်ဖို့၊သခင်နဲ့နီးစပ်ဖို့ ကောင်း ကြီး မင်္ဂလာ ဖြစ်ပါတော့တယ်။ သူတို့ကို ကျွန်မအပြစ် မတင် ပါဘူး။ ကျွန်မမှာသာ အပြစ် ရှိခဲ့တာ ပါ။ ထာဝရဘုရားသခင်က သူရဲ့ သားသမီး တိုင်းစိတ်နှလုံးဖွင့်ပြီး အော်ခေါ်တဲ့ ဆုတောင်းသံကို နားစွင့် နေပါတယ်။ (မဿဲ ၂၁း၂၁–၂၂)။ ဒီလိုကျွန်မ နေလာခဲ့ရင်း ထာဝရ ဘုရား သခင် ဆီမှာ ဆုတောင်းပါ တယ်။ ဘယ်လို ဆုတောင်း တာလဲဆိုရင် (အဖ ဘုရားသခင်သမီးကို ဒီအိမ်မှာ ဆက်နေ ခွင့်ပြုရင် သမီး ဆက်နေပါ့မယ်။ သမီးအတွက် အဆိုးဖြစ်မယ်ဆိုရင် အမြန်ဆုံး Agent နဲ့ဆက်သွယ် ပေးပါ။ သမီးရဲ့ မိဘတွေကို တလှည့်ကျေးဇူးပြုပြီး ကျေးဇူး ဆပ်ခွင့် ပေးပါ။ သခင့်အလိုတော်တိုင်း လမ်းပြ ပို့ဆောင်ပါ ထာဝရ မြတ်စွာ ဘုရား")လို့ ညအိပ်ရာဝင်တိုင်း ဆုတောင်းခဲ့ပါတယ်။ ပထမပိုင်းမှာတော့ အရမ်းချစ်တဲ့သူ တစ်ယောက်မှ မတွေ့ရ။ မောင်နှမ သားချင်း တွေလဲ အနားမှာမရှိ၊ ကိုယ့်နိုင်ငံသားတွေ ကိုလဲ တစ်ယောက် မှမတွေ့ရ။ ကိုယ့် နိုင်ငံစကားလဲ မသုံးရ။ ကိုယ့်လူမျိုးစကားလဲမပြောရ။ ဖြစ်နေကြုံ တွေ့နေ တော့ ထာဝရဘုရားသခင်က ကျွန်မရဲ့အနားမှာ မရှိဘဲ မြန်မာ နိုင်ငံမှာပဲ ရှိတယ်လို့ စိတ်က ထင်ပြီး အရမ်းအားငယ်ခဲ့ရပါတယ်။ ဒီစင်္ကာပူနိုင်ငံမှာ ဘုရားသခင်မရှိဘူးလားလို့ စိတ်ကထင်မှတ်ခဲ့ တယ်။ ဒါပေမယ့် ထာဝရ ဘုရားသခင်က ကျွန်မရောက်ရှိတဲ့နေရာတိုင်းမှာ ကျွန်မ အနားမှာရှိပြီး လက်တော်နဲ့ စောင့်ရှောက်နေတယ်ဆိုတာ (ဆာလံ ၁၃၉း၇–၁၀) ကျမ်းကို ဖတ်မိလိုက်တဲ့အချိန်ကစပြီး သိရှိခဲ့ပါတယ်။ နှလုံးသား မျက်ရည်နဲ့ ကျေးဇူးတော်ကို ချီးမွမ်းပြီးဆုတောင်း ပါတော့ တယ်။ ချစ် သားသမီးတိုင်းရဲ့ ဆုတောင်းသံကို နားညောင်းပြီး သားသမီးတို့နဲ့ သင့်လျော်တဲ့ဆုကို ပေးတတ်သူ၊ အသက်ရှင်သော ထာဝရ ဘုရား သခင်က ကျွန်မကိုလဲ ဆုတောင်းပြည့် စေခဲ့ပါတယ်။ စင်ကာပူ ရောက် စ ကတည်းက ကောင်းတဲ့ နေရာမှာနေပြီး အလုပ် လုပ်ခဲ့မယ် ဆိုရင် ကျွန်မ စိတ်ကြီး တွေဝင်ပြီး ဖန်ဆင်းရှင်ကိုမေ့မှာစိုးလို့ သတိပေး ဒဏ်ခတ် လိုက်တယ် ဆိုတာ သိရှိနားလည်ခဲ့ရပါတော့တယ်။ တစ်နေ့မှာ ကလေး တွေက အိမ်အထပ်ရဲ့ လှေကားထစ်တိုင်းမှာ ပေါင်ဒါတွေဖြူးပြီး ဆော့ ကစား ခဲ့ကြတယ်။ အဲဒါကို မြေအောက် ခန်းမှာ ရောက်နေတဲ့ ကျွန်မက မသိခဲ့ပါဘူး။ အပြင်ကနေ သူဌေးတွေ ပြန်လာတော့ တစ်အိမ်လုံး ပေါင်ဒါမှုန့် တွေနဲ့ ဖြူဖွေးနေတာ တွေ့လိုက် ကြတော့ အရမ်းဒေါသ တွေထွက် စိတ်ဆိုးကြပြီး Agent ကို ဖုန်းခေါ် တိုင်ကြား လိုက်ကြ ပါတော့တယ်။ ဟာလေလုယာ ကျွန်မစိတ်ထဲမှာ ကျေးဇူးတော်ကိုချီးမွမ်း ပြီး အရမ်း ပျော်နေပါတယ်။ သူတို့က Agent နဲ့ တိုင်လိုက်လို့ ကျွန်မ အဆူခံရတယ်ဆိုပြီး ကျေနပ်နေ ကြတယ်။ ကျွန်မ ကလဲ အဖသခင် လမ်းပြပို့ဆောင်လို့ Agent နဲ့ စကားပြောခွင့်ရ၊ ဖုန်း နံပါတ် တောင်း ခွင့် ရပြီဆိုပြီး ကျေနပ်နေခဲ့ပါတယ်။ အဲဒီပြဿနာမှာ ကျွန်မတို့ နှစ်ဦး စလုံးကိုယ်စီကျေနပ်ကြပါ တယ်။ နောက်တော့ Agent နဲ့ ဆက်သွယ်ခွင့် ရရှိခဲ့တဲ့အတွက် ကျွန်မရဲ့ နေ့စဉ်ဖြစ်နေကြုံတွေ့နေတဲ့ အရာတွေကို Agent ကိုရင်ဖွင့်ပြောကြားခဲ့ပါတယ်။ နောက် Agent က "နင်ပြန် လာခဲ့ပါလား နင့်ကို သနားတယ် အဲဒီမှာ မလုပ်နဲ့တော့ တခြားမှာ အလုပ်လုပ်ကြည့်ပါ" လို့ပြောလာတော့ ကျွန်မအရမ်း ဝမ်းသာခဲ့ ရပါ တယ်။ "အို ... ထာဝရမြတ်စွာသောဘုရား သမီးတော်ရဲ့ ဆုတောင်း သံကို အဖြေ ပေးလိုက်ပြီဖြစ်တဲ့အတွက် ကျေးဇူးတော်ကို ချီးမွမ်းပါတယ်။ အလိုတော်ရှိရင် သမီး ဒီအိမ်ကထွက်တဲ့ နေ့မှာပဲ အလုပ်ပြန်ပေးပါ" လို့ ဆုတောင်းလိုက်မိတယ်။ (၁၇–၁၁–၂၀၀၈) နေ့ရက်မှာ ကျွန်မကို Agent ဆီ ပြန်ပို့ကြတယ်။ Agent ရုံးခန်းကို (၁၂း၂၀)နာရီ မှာ ရောက်ရှိပြီး သူဌေးနဲ့ Agent တို့ စကားတွေပြော ဖြေရှင်း စရာရှိတာတွေ ဖြေရှင်း ကြပြီးနောက် သူဌေးတို့မိသားစုနေ့လည် (၂)နာရီ မှာ ပြန်သွား ကြပါတယ်။ ကျွန်မစိတ်ထဲမှာ ဒီနေ့ပဲအလုပ်ပြန်ရမယ်လို့ ယုံကြည်ပြီး စောင့် နေခဲ့တယ်။ နောက်ထပ် (၂)နာရီအကြာမှာ အလုပ်သမား လိုချင်တဲ့ သူဌေး မိသားစု ရောက်ရှိလာပါတော့တယ်။ ရုံးခန်းထဲ သူတို့ ဝင်လာ တာနဲ့ ကျွန်မအလိုလိုသနေသလိုပဲ ဒါဘုရားသခင် ပေးမယ့် အလုပ်ရှင် ဆိုတာ ကျွန်မစိတ်ထဲတွေးထင်လိုက်တယ်။ Agent နဲ့ သူတို့တွေ စကားဆိုကြပြီး Agent က "ဒါ မြန်မာ လူမျိုး နင်တို့ ကြိုက်နှစ်သက်ရင် စကားပြောကြည့်ကြပေါ့" လို့ ကျွန်မဘက် လှည့်လာပြီး ပြောတော့ သူတို့က ကျွန်မကို အားပေးနှစ်သိမ့်တဲ့ အပြုံး လေးတွေနဲ့ ကြည့်ပြီး မေးခွန်း အနည်းငယ် မေးကြပါတယ်။ နောက်မေးဖို့ မလိုတော့ဘူး။ သူ့ကို ကျွန်မတို့လိုအပ်ပါတယ်။ အမေ့ကို စောင့်ရှောက်ဖို့ ဆိုပြီး ပြောကြ တော့ Agent က ကျွန်မကို မေးချင်တဲ့ မေးခွန်းမေးလို့ ရတယ် တဲ့။ အဲဒါနဲ့ ကျွန်မလဲ အရင်အိမ်မှာမရ ခဲ့တဲ့ ကိုယ်ပိုင် အချိန် ပေးဖို့နဲ့ ကျွန်မ ကိုးကွယ်တဲ့ ဘုရားသခင်ကို ပုတ်ခတ်ပြီး မပြောကြဖို့ ကျွန်မ အမှား ရှိရင် ကျွန်မကိုပဲပြောဖို့ ပြီးတော့ မရိုက်ဖို့နဲ့ မောင်း မထုတ်ဖို့ အရေး ဆိုလိုက်တော့ သူတို့က ကျေနပ်စွာနဲ့ ခွင့်ပေးမယ်၊ မောင်း မထုတ်ပါဘူးတဲ့။ ကျွန်မကလဲ အရမ်းဝမ်းသာပြီး အဘွားကို ကောင်း မွန်စွာ ကရုစိုက်ပါ့မယ်လို့ ကတိပေးလိုက်ပါတယ်။ ပျော်ရွှင်စွာ အဘွား ကိုပြုစုရင်း ပထမဦးဆုံး အကြိမ် မြန်မာပြည်ကို ဖုန်းခေါ်ပြီး အပါး၊ အနူး တို့နဲ့ စကား ပြောခွင့်ရခဲ့တယ်။ အဲဒီအချိန်မှာ ကျွန်မ ပထမဦးဆုံး အပါးတို့ကို ဘာပြော လိုက်တာလဲဆိုရင် "ပါးပါး သမီးလေ ပါးပါးနဲ့ နူးနူးတို့ကို အရမ်း ကျေးဇူး တင်ပါတယ်။

ဘာဖြစ်လို့လဲဆိုရင် ဒီအသက် အရွယ်အထိ ကျွေးမွေးပြုစုပြီး အသက် ရှင်တဲ့ ထာဝရ ဘုရား သခင်ကို ယုံကြည်တဲ့ မိဘတွေ ဖြစ်ခဲ့ကြလို့ပေါ့။ အခုသမီးလေ ပါးပါးတို့ ယုံကြည်မှု ကြောင့် ကျေးဇူး တော်ကို ခံစားနေရပါတယ်။ ဘုရား သခင် ပေးတဲ့ ဖွဲ၊ လုံ့လ၊ တည်ငြိမ် ခြင်း၊ ရဲရင့်ခြင်း၊ ပျော်ရွှင်ခြင်းတွေ ခံစား ရရှိပြီး ဘဝကိုတည်ငြိမ်စွာ ကြိုးစားရုန်းကန် တတ်တဲ့သူဖြစ်နေပါပြီ။ ပါးပါး တို့ လဲ ထာဝရ ဘုရား သခင်ရဲ့ ကျေးဇူးတော်ကို ချီးမွမ်းပြီး ကျွန်မ အတွက်နဲ့ လောကမှာ ရှိတဲ့ သက်ရှိလူတွေ အားလုံးအတွက် ဆုတောင်း ပေးကြပါ" လို့ ပြောလိုက် တော့ ပါးပါးနဲ့ နူးနူးတို့က အရမ်း ကျေနပ် ဝမ်းသာကြပြီး စိတ်ချမ်းသာ စွာနဲ့ ကျွန်မကို နှုတ်ဆက်ခဲ့ကြပါတယ်။ ဆုတောင်းသံကို နားညောင်း သားသမီး တိုင်းကို ကောင်းကြီးပေးတဲ့ ထာဝရ ဘုရားသခင်ရဲ့ ဘုန်းတော် သာ၍ ကြီးမြတ်ပါစေ။ ကျွန်မ အရမ်း ပျော်ရွှင်တယ်။ အခုဆိုရင် အဖ ဘုရားသခင်ရဲ့ လမ်းပြပို့ဆောင်မှုကြောင့် နေရာသစ်မှာ စိတ်သစ်၊ ကိုယ် သစ်နဲ့ အလုပ်ကိုကြိုးစားလုပ်ရင်း (ထာဝရ ဘုရားသခင်က သင်တို့ သည် လောက အလင်းဖြစ်ကြ၏) လို့ ပြောခဲ့ သလို ကျွန်မ ရောက်ရှိတဲ့ နေရာတိုင်းမှာ ထာဝရဘုရားသခင်မှ ရရှိသော အလင်းကို လင်းထွက် စေဖို့နဲ့ ကရုဏာမေတ္တာအစဉ်ထားပြီး ကြိုးစား သွားပါ့မည်ဟု အနည်း ငယ် သက်သေခံ ဝေငှလိုက်ပါတယ်။ စာဖတ်သူ အယောက်စီတိုင်း မိမိ ထမ်းဆောင်တဲ့ "အလုပ်" အပေါ် ဘုရား သခင် ကောင်းကြီးပေးပြီး ရောက်ရှိတဲ့ နေရာတိုင်းမှာ သခင်ရဲ့ အလင်း ဖြစ်နိုင် ကြပါစေ။ (မဿဲ ၅း၁၄–၁၆) (ဆာ ၂၃း၁–၆) **F. Penny (Mizo)** တမူး

---------------------------------------

## ကောင်းမြတ်တော်မူသောဘုရားရှင် *(မနား)*

ဆာလံကျမ်း ၈၆း၁၂-၁၃ ကျွန်မခံစားရသော ဘုရားရှင်၏ ကျေးဇူးတော် တွေဟာ အင်မတန်များပါတယ်။ ဒီအတွက် အဖ ဘုရားရှင်ကျေးဇူးတင်ပါ၏။ ထို့အပြင် သခင့်စကား အယ်ဒီတာ မင်းအောင်သက်လွင် ကိုလဲ ကျေးဇူးတင် ပါတယ်။ လစဉ်စာစောင်ကို စာတိုက်ကနေ ကျွန်မဆီ ပို့ပေးတဲ့ အတွက် ဘုရားရှင် ကျေးဇူးတော် ကြောင့် စောစော စီးစီး ဖတ်ခွင့် ရသလို ဒီလိုစာစောင်ရောက်လာတိုင်း ကျွန်မ Warning ပေးခံရ သလိုမျိုး ခံစားမိပါတယ်။ ဘာကြောင့် လဲဆိုတော့ 'ကတိ' ဆိုတဲ့ စကား လေးကြောင့်ပေါ့။ မဿဲ ၇း၇ မှာ တောင်းကြလော့။ တောင်းလျှောင် ရမည်။ ရိုးရိုးလေးပဲ ယုံကြည်တဲ့စိတ်နဲ့ တောင်းဆိုဘို့ပဲ လိုပါတယ်။ ဘုရားရှင် ကျွန်မကို ကတိ မတောင်းပါဘူး ဒါကို တစ်နေ့မှာပေါ့ လေးဘက်နာထပြီး အာသီး တွေရောင်၊ ပြည်တွေတည်ပြီး ဘာလုပ်ရမှန်းမသိ ဖြစ်နေတယ်။ အိမ်ရှင် ကိုပြောပြီး ဆေးခန်းပြဖို့ကလဲ သူက ကိုယ့်ကို ကြိုပြောထားတဲ့ စကားက ရှိနေတယ်လေ။ လူတိုင်း တစ်နေ့ သေရမှာပဲ နင်သေမှာကြောက်လားတဲ့။ ဒီစကားကြောင့် သူ့ကို စိတ်နာပြီး ဘုရားနဲ့ ပိုပြီးနီးစေခဲ့ ပါတယ်။ အာသီးမှာ ပြည်တွေတည်ပြီး နှစ်ပတ် နီးပါး ခံစားလိုက်ရပါ တယ်။ ဘယ်လိုမှမတတ်နိုင်တဲ့နောက်ဆုံး ဘုရား ရှင် အနာရောဂါ ပျောက်ခွင့်ပေးပါ။ ရောဂါပျောက်ရင် သခင့်စကား စာစောင်မှာ ကိုယ် တော်သည် အရာခပ်သိမ်း တတ်နိုင်တော်မူသော ဘုရားရှင် ဖြစ်ကြောင်း သက်သေ ခံပါမည်ဟူသော ဂတိကို ပေးမိ ပါတယ်။ ဘုရားရှင် တန်ခိုး တော်ကြောင့် ဘာဆေးတစ်ခုမှ မသောက် ရဘဲ အနာသက်သာ ပျောက်ကင်း သွားခဲ့ပါတယ်။ ဒီလိုနဲ့ ပေးမိတဲ့ ဂတိအတွက် သက်သေခံဖို့ စာစောင်ကို ရေးပါတယ်။ ရေးရင်း ဖျက်ရင်း စာရွက်တွေသာများလာပြီး အဆုံးသတ် မရဖြစ်နေတယ်။ ဒီလိုနဲ့ တစ်လပြီး တစ်လ ကျော်လာတော့ ဘုရားရှင်ကို ကျွန်မ ဈေးဆစ်နေတာက သက်သေခံစာစောင် ရေးဖို့ လူတွေရဲ့ နှလုံးသားကို စွဲမှတ်စေတဲ့ အရာပဲ ရေးချင်တယ်။ အသေးအဖွဲဆို မရေးချင်ဘူးလို့ ပြောမိပါတယ်။ တနင်္ဂနွေနေ့တစ်ရက် ဘုရားကျောင်းမှာ အနာငြိမ်း ဆုတောင်း တဲ့ အစီအစဉ်ကိုသွားခဲ့ ပါတယ်။ အိမ်အပြန် အရမ်း နောက်ကျလို့ ကားလမ်းကမန်းကတန်း ကူးလိုက်တာ ကားတိုက် မိဖို့ နည်းနည်းသာ လိုပါတယ်။ ဘုရားရှင် ကယ်မတော် မူတဲ့အတွက် ကြောင့်ပေါ့ တကယ်လို့သာ အဲဒီညကား တိုက်မိရင်တော့ ခုဆိုရင် ရေဝေး မြေတစ်နေရာမှာ ရှိနေမှာ သေချာမှာပါ။ သိလိုက်ပြီး ငါမသေ ရသေး ဘုရားရှင်ရဲ့ ကောင်းမြတ်ကြောင်းကို ပြောရဦးမည်။ လူတွေရဲ့ နှလုံးသား ကို စွဲမှတ်စေတဲ့အရာကိုပဲ ရေးချင်တဲ့ကျွန်မ ခုဘုရားရှင် လမ်းဖွင့် ပေးလိုက်ပါပြီ။ ဒီတစ်ခါမှ ဤ စာစောင်ကို ဖြစ်မြောက် အောင် မရေးရင် တော့ ယောနလိုဖြစ်ဖို့ သေချာ နေပြီဆိုတာ သိလို့ ဤစာစောင်ကို ချစ်သောညီအစ်ကို မောင်နှမများအား ရေးသား လိုက်ပါတယ်။ "ဘုရားရှင်သည် ကောင်းမြတ်ပါ၏" ယေရှုနာမ၌ ... **မနား**

---

## ကျေးဇူးတော်ကြောင့်မပွင့်သောတံခါး *အန်တီတစ်ဦး*

မိမိ လိုအင်ဆန္ဒ မပြည့်ဝသောအခါ ဘုရားကို မေးခွန်း ထုတ်တတ်ကြ သည်။ အချိန်မတန်သေး၍ ဘုရားသခင်က မဖြည့်ဆည်းပေးသေးဆိုသည် ကိုတော့ သတိမထားမိပါ။ ထို့ထက်ကောင်းသော ဆုကျေးဇူးများ ဘုရားသခင်ပြင်ဆင်ထားကြောင်းကိုလည်း သဘော မပေါက်တတ်ကြပါ။

ရန်ကုန်တက္ကသိုလ်တွင် အလုပ်လုပ်စဉ်က လုပ်ဖော်ကိုင်ဖက်များ ဘန်ကောက် တက္ကသိုလ် အသီးသီးသို့ အလုပ်များရရှိကာ ထွက်သွားကြသည်ကို အားကျမိပါသည်။ ကိုယ့်မှာက ဆွေမျိုး၊ အသိအကျွမ်းမရှိရင် မည်သို့မျှ မသွားနိုင်ဘဲ ထွက်သွားသည့်ဝန်ထမ်းများ၏ အလုပ်ပိသည့် ဒဏ်ပဲ ခံနေရသည်။ စိတ်ပျက်ခြင်း၊ အားငယ်ခြင်း အတိဖြင့် လူနည်းစုသာကျန်နေ၍ ဆက်လက်လုပ်ကိုင် နေရသည်။ တစ်နေ့သောအခါ ဘန်ကောက် ထက် ကောင်းသောနေရာသို့ ပို့ဆောင်ဖို့ရှိသည်ကို လုံးဝ နား မလည်ခဲ့ပါ။ နိုင်ငံခြား ပညာသင်ခွင့်လည်း သူများတွေ အလျှို အလျှို သွားနေ ရလည်း ကိုယ်မသွားရ၍ စိတ်ညစ် အားငယ်မိခဲ့သည်။ တစ်နေ့ ကိုယ့် စားရိတ်နှင့်ကိုယ် နိုင်ငံခြားမှာ ပညာ ဆက်သင်ယူနိုင်မယ် ဆိုတာလည်း မစဉ်းစားမိပါဘူး။

စင်ကာပူ ရောက်ပြီး ၄နှစ်လောက်ရှိသောအခါ အင်္ဂလိပ်စာ သင်ကြား ရေးနှင့်ပတ်သက်သော စာမေးပွဲဝင်ရောက်ဖြေဆိုရန် ကြိုးစားခဲ့သည်။ RELC ဟော်တယ်များပြုလုပ်မည့် ဝင်ခွင့်စာမေးပွဲကို နေ့လည် ၁ နာရီတွင် ဖြေဆိုရန် ချိန်းချက်ထားရာ ဟိုတယ်သို့ ထုံးစံအတိုင်း Steven Road သို့သွားခဲ့သည်။ ဟော်တယ်နောက်ဖေးပေါက်သို့ ဝင်ရန် ထုံးစံအတိုင်း ၁၂၄ စီးခဲ့ပါတယ်။ သို့ရာတွင် မှတ်တိုင် ကျော်သွားခဲ့သည်။ ဟော်တယ်ဖက်သို့ နောက်ပြန်လမ်းလျှောက်၍ နောက်ဖေးပေါက်ကို ခေါက်တုန့်ခေါက်ပြန် ရှာသော်လည်း မတွေ့ရပါ။ Raffle Secondary ဖက်အထိရှာလို့ မတွေ့သည့်အဆုံး taxi ခေါ်ပြီး RELC ဟော်တယ် အရှေ့ပေါက်သို့ ပြန်ဝင်ရသည်။ Entrance စာမေးပွဲကို ရေးဖြေရော နှုတ်ဖြေပါ ဖြေဆို ခဲ့ရသည်။ အချိန်တန်တော့ စာမေးပွဲ အောင်ကြောင်း အကြောင်းကြားသည်။ ကျောင်းတက်ရမည့် လသို့ ရောက် သောအခါ သင်တန်းသားဦးရေ မပြည့်၍ မဖွင့်ဖြစ်ကြောင်း၊ နောက် အသုတ်မှ တက်ဖို့အကြောင်းကြားစာ ရောက်လာပါသည်။

၃လ ပြည့်၍ ဒုတိယအကြိမ် ဖွင့်မည့်သင်တန်းကို တက်ရောက်နိုင်ကြောင်း ဦးစားပေးသည့် အနေနှင့် ဖုန်းဆက်ပြောပါသည်။ သို့ရာတွင် ငွေသွင်းရာမှာ နောက်ကျသွား၍ ငွေသွင်းဖို့ပြောသော အခါ လူပြည့် သွားကြောင်း အကြောင်းကြားပြန်သည်။ သို့နှင့် ဤ TESOL Diploma သင်တန်းကို တက်ရန် လမ်းစမဖွင့်ခဲ့ပါ။ စိတ်ထဲက မကျေ မချမ်းနှင့် အလွဲလွဲ အချော်ချော်ဖြစ်ခဲ့ရသည်ကို နှမြောမိသည်။ သို့နှင့် စာသင်ကြားရေးမှာပဲ စိတ်ကို မြှုပ်နှံထားတော့သည်။

တစ်နေ့သောအခါ ရန်ကုန်မှ ပါမောက္ခ တာဝန်ဖြင့် ရောက်လာသော ညီမအား SHANGKILA HOTEL တွင် သွားရောက် ကြိုဆိုခဲ့သည်။ ဟိုတယ်ဝန်ထမ်းများ နေရာချထားစဉ် သတင်းစာကို လှန်လှောကြည့်ရှုမိသည်။ တကယ်တော့အိမ်မှာ သတင်းစာ ဝယ်လည်း မဝယ်၊ ဖတ်လည်း မဖတ်တာကြာပြီ။ ထိမ်းသိမ်း ရတာအိမ်ရှုပ်၍ ဖြစ်သည်။ ထိုစဉ်မှာပဲ TESOL သင်တန်းကို PAYALEBAR မှာဖွင့်မဲ့အကြောင်း ကြော်ငြာ တွေ့လိုက်ရပါတယ်။ ပထမ အနီးဆုံးသင်တန်းဖြစ်ပြီး နောက်တစ်နေ့ Preview လာနား ထောင်နိုင်ကြောင်း တွေ့ရာ မှတ်သား လိုက်ပါတယ်။ နောက်တစ်နေ့မှာ ဖြစ်ချင်တော့ လိုက်ပါမယ့် ဆရာကလည်း off day ဖြစ်နေတာနဲ့ preview သွားတက်ဖြစ်တယ် ဒီတစ်ခါတော့။ လက်လွှတ်ဖို့ မဖြစ်တော့ဘူး ဖြစ်နိုင်ရင် တက်သင့်တယ်လို့ စိတ်ထဲမှာဖြစ်မိတယ်။ ငွေကိုလည်း အရစ်ကျ သွင်းနိုင်တယ် ဆိုတာ သိရတယ် ဒီတစ်ခါတော့ လိုအပ်တဲ့ ကျောင်းစရိတ်ကို ၂ခါ ခွဲသွင်းဖို့ ဘုရားသခင် ပြင်ဆင် ပေးတဲ့အတွက်လည်း သင်တန်းတက်ဖြစ် သွားတယ်။ အတန်းသားတွေနဲ့ မတွေ့ခင်က ကိုယ်က အသက်



သခင့်စကား ဝိညာဉ်ရေးရာ စာစောင်အမှတ်စဉ်၁၀၄၊ ဧပြီလ ၂၀၁၀ခုနှစ်။ စင်ကာပူနိုင်ငံရှိ မြန်မာခရစ်ယာန်
အသင်းတော်များအတွင်း အခမဲ့ ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။

ကြီးပြီး ငယ်ရွယ်သူတွေက ကိုယ့်ထက် စာတွေတော်နေမလားဆိုပြီး စိတ်ပူ မိတယ်။ တကယ် သွားတက်ကြည့် တော့မှပဲ သူတို့အားလုံးဟာ ငယ် ရွယ်တဲ့အတွက် အတွေ့အကြုံ နည်းတာတွေ့ရတယ်။ ရန်ကုန် တက္ကသိုလ်မှာ Linquitics သင်ကြား ပို့ချလာခဲ့ရတဲ့ အတွက် အများကြီး အထောက် အကူပြုပြီး ဆရာ ပြောသမျှကို နားလည်နိုင်ခဲ့ တယ်။ ည ၇ နာရီမှ ၁၀ နာရီထိ တစ်ပါတ် သုံးကြိမ် တက်ရတာလည်း မမော မပန်းအောင်မြင်စွာ ပြီးဆုံးခဲ့တယ်။ အောင်စာရင်း လက်မှတ် မရရှိ ခင်ကပင်။ အလုပ်အသစ်ရရှိရင်လည်း သင်တန်းတက် သည့် အကျိုးကို ခံစားခဲ့ရသည်။ သင်တန်းများ သင်လာခဲ့ သည့် သီအိုရီများကို လက်တွေ့ ကျင့်သုံးရန် အလုပ်ကို ပြင်ဆင်ပေးတဲ့ ဘုရားရဲ့ အစီအစဉ်ကိုလည်း ရေတွက်လို့ မကုန် ဖြစ်နေတယ်။ ဘုရားဟာ တစ်ချိန်မှာ တံခါးပိတ် ပေမယ့် အချိန်တန်လို့ဖွင့်ချင်ရင်တော့ ဘယ်သူမှပိတ်လို့မရဘူးလို့ အမြဲ ပြော ပြောနေတဲ့ လက်ထောက် ဆရာရဲ့ စကားဟာ မှန်ကန်ကြောင်း သက်သေ တင်ပြလိုပါတယ်။ **အန်တီတစ်ဦး**

---

## “ယုံကြည်သူတစ်ယောက်ရဲ့ဖွင့်ဟဝန်ခံချက်” *ဇော်ဝိုင်တီ*



ဖွင့်ဟဝန်ခံချက်ဆိုတာ ကိုယ့်ရဲ့ လျှို့ဝှက်ကိစ္စ (သို့) အကြောင်း အရာ တစ်ရပ်ကို လူသိရှင်ကြား ထုတ်ဖော်ဝန်ခံခြင်းလို့ နားလည်မိပါ တယ်။ အခု ကျွန်တော် ရေးပြမယ့် အကြောင်းအရာ က လည်း လူသိ ရှင်ကြား မဖြစ် သေးတဲ့ ကျွန်တော့ရဲ့အကြောင်းလေးပေါ့။ ဒါကြောင့်လဲ ဒီခေါင်းစဉ်လေး ရွေးမိတာပါ။ ဘယ်သူ မှ မသိသေးတဲ့ အကြောင်းကို ဘာဖြစ်လို့ မအောင်နိုင် မအီး နိုင်နဲ့ ဖိုးရေးချင် ဖြစ်နေရ တာလဲ ဆိုတော့ ကျွန်တော် ကိုးကွယ်တဲ့ ခမည်း တော်၊ သားတော်၊ သန့်ရှင်းသော ဝိညာဉ်တော် သုံးပါး တစ်ဆူသော ဘုရားက ကျွန်တော့်ကို မျက်နှာသာ ပေးပြီး ကျွန်တော့်ရဲ့ အခက်အခဲ၊ ပြဿနာ၊ ဒုက္ခတွေထဲက ကယ်နုတ်ပြီး ချမ်းသာ သုခထဲ ပို့ဆောင်ပေးခဲ့လို့ပဲဖြစ်ပါတယ်။

ပထမဦးဆုံး ကျွန်တော့်ကိုယ်ကျွန်တော်နဲ့ ကျွန်တော် ရင်ဆိုင် ခဲ့ရတဲ့ဒုက္ခ၊ ပြဿနာများကို မိတ်ဆွေသိရအောင် မိတ်ဆက်ပေးပါရစေ။ ကျွန်တော်ဟာ မြန်မာပြည်ဖွား၊ စင်ကာပူသား၊ မိန်းမ တစ်ယောက်၊ ကလေး နှစ်ယောက်နဲ့ လောလောဆယ်တော့ ဒီစင်ကာပူမှာပဲ အခြေချ နေထိုင်ပြီး Company တစ်ခုမှာ အလုပ်လုပ်နေတဲ့သူ။ ဒီလိုရိုးသား ကြိုးစားပြီး မိသားစုကို ရှာဖွေကျွေးမွေးလို့ ကောင်းနေတုန်း အသိဟောင်း တစ်ယောက်ရဲ့ ဆွယ်တရားဟောကောင်းမှုကြောင့် လောလောဆယ် လုပ် နေတဲ့ Company ကနေ နောက်တစ်ခု ခုန်ပြောင်းမိသူ။ “အစား မတော် တစ်လုတ်၊ အသွားမတော် တစ်လှမ်း” ဆိုတဲ့အတိုင်း ဘုရားရှင်ရဲ့ အလို တော်နဲ့အညီ မစားသောက်၊ မသွားလာရင် တကယ် မှန်တဲ့ စကားပါ မိတ်ဆွေ။ အပြောင်းမတော် တစ်ချက် လို့ပါ ထပ်ပေါင်းထည့် ရမလို ဖြစ်နေပြီ။ အဲဒီ “အပြောင်းမတော် တစ်ချက်” က ကျွန်တော့် ဘဝထဲကို ဒုက္ခတွေ အပေါင်းအဖော်တစ်အုပ်နဲ့ တစ်ခါတည်း ပျော်ပျော်ကြီး ဝင်လာ တော့တာပါပဲ။ ကောင်းမယ်ထင်ပြီး ပြောင်းလိုက်တဲ့ Company က တကယ် တမ်း အဆင်မပြေဘူး။ Company ကဒီလောက်ကြီး မဆိုးပေ မယ့် ကျွန်တော့်ကိုဆွယ်တရားဟောခဲ့တဲ့ အသိဟောင်း (တဖြစ်လဲ) ကျွန်တော့်ရဲ့ Manager က “Boss From Hell” လို့ ဘွဲ့တံဆိပ်ချီးမြှင့် ရလောက်အောင် တော်တော်လေး ဆိုးတဲ့သူ။ ကိုယ်က စင်ကာပူသား ဖြစ်နေ ပေမယ့် ရိုးစွဲနေတဲ့ မြန်မာ့ စရိုက်လေးက မပျောက်သေးတော့ အတတ် နိုင်ဆုံးသည်းခံပြီး ရေကုန် ရေခမ်း လုပ်ကိုင်ပေးပါတယ်။ ဒါပေမယ့် ကျွန်တော့်ရဲ့ ခံနိုင်ရည် အတိုင်း အတာ ကျော်လွန်သွားတဲ့ တစ်နေ့မှာ ဘယ်လိုမှ ဆက်ပြီး သည်းခံနိုင်စွမ်း မရှိတော့လို့ ချက်ချင်း နုတ်ထွက်စာ တင်၊ လျော်ကြေးပေးပြီး နေ့ချင်းပြီးပဲ ထွက်ခဲ့လိုက် ပါ တော့တယ်။ ကိုယ်လည်း Budget ထိခိုက်၊ သူတို့လဲ အလုပ် ထဲမှာ ပြဿနာ တက်ပြီး ကျန်ခဲ့တော့တာပဲ။ ကျွန်တော့်ရဲ့ လုပ်ရပ်က သူရဲ ကောင်း ဆန်သလား၊ သူရဲဘောကြောင် သလားမသိတော့ ပါဘူး။

အလုပ်ထွက်ပြီး နောက်တစ်ခုပြန်မရှာခင်မှာပဲ အရင် Company အဟောင်း တစ်ခုက ပြန်ခေါ် ပါတယ်။ ကျွန်တော်လည်း ပြန်လုပ်မယ့် အစီအစဉ် ရှိပေမယ့် တကယ်တမ်း လစာညှိတော့ အဆင်မပြေ ပါဘူး။ အဲဒီလို နေရင်းနဲ့ Global Recession ဆိုတဲ့အသံတွေ တော်တော် လေးထွက် လာခဲ့ပါပြီ။ Global Recession တောင်မှရိုးရိုး မဟုတ်ဘဲ Century Worst ဆိုလား။ ကျွန်တော် လည်း စီးပွားရေး အကြောင်း သိပ် နားမလည်တော့ သိပ်အာရုံမစိုက်ပါ။ ကိုယ်က အာရုံမစိုက်ပေမယ့် သူက တော့ တိုက်ရိုက်ကြီး လာပတ်သက် ပါတော့တယ်။ သတင်းတွေထဲမှာ အလုပ်တွေပြုတ်လိုက်ကြတာ။ ဟော တစ်သုတ်၊ ဟောတစ်သုတ်နဲ့ တစ်ကမ္ဘာလုံး အတိုင်းအတာနဲ့ကို ဖြုတ်နေ၊ ပြုတ်နေကြတော့တာပါပဲ။ စင်ကာပူလည်း ဘယ်လွတ်ပါ့မလဲ။ မဖြုတ်တဲ့ Company မှာတောင် “Head count Freeze” တဲ့။ အလုပ်ရှာရတာ တော်တော်လေး ခက်မယ့် သဘောရှိလို့ လောလောဆယ် အလုပ် ထပ်မရှာသေးဘဲ လုပ်ငန်းခွင်နဲ့ ပတ်သက်တဲ့ စာမေးပွဲတွေ ဖြေနေတုန်း ကျွန်တော် Part Time တက်နေတဲ့ Course ကဖြေ ထားတဲ့ ဘာသာရပ်တွေအတွက် Result က ထွက်လာတယ်။ အားလုံး မအောင်ဘူး။ ကျွန်တော် နောက်ဆုံးထွက်ခဲ့တဲ့ Company နဲ့ Manager ရဲ့ကျေးဇူးတွေပေါ့။ လူကို နေ့ရောညပါ ရရင်ရသလို ခိုင်းတော့ Part Time တက်ရတဲ့ ကျောင်းကိုတောင် အချိန်မှန်မှန် မပေး နိုင်ဖြစ်ပြီး စာမေးပွဲ ကျတာလေ။ ဘဝမှာ စာမေးပွဲ ဆိုတာ တစ်ခါလေးမှ မကျဖူးခဲ့တဲ့ ကျွန်တော်၊ အရှက်ကိုခေါင်းနဲ့ ဝင်ဆောင့် ခံထိ သလိုပါပဲ။ အသက်ရှူသွင်းလို့မရ၊ ရှူထုတ်လို့မရနဲ့ ခံစား လိုက်ရတာ။ ရှက်တာ လည်းပါတာပေါ့လေ။ ကျွန်တော့် အတွက် တော့ ဒီကိစ္စတွေက “ဗူးလေးရာ ဖရုံဆင့်” ဆိုသလို ဖြစ်နေပြီး အိမ်ထောင် ဦးစီး Sole Bread Winner ဖြစ်နေပြီး ဝင်ငွေရမယ့်အလုပ်ကလည်း လောလောဆယ် မရှိ။ ဒီကြားထဲ စာမေးပွဲတွေကကျရပြန်ဆိုတော့ အဆင့် ခံရတဲ့ ဖရုံက တော်ရုံ တန်ရုံ ဖရုံမဟုတ်ဘူးမိတ်ဆွေ၊ ကျွန်တော့် အတွက် ရောမဖရုံ၊ အယ်စတုန် ဖရုံဆိုသလိုဖြစ်နေပြီ။ ဖြစ်ရတဲ့ အကြောင်း အရင်း ကလည်း စာမေးပွဲ ကျတယ် ဆိုကတည်းက နောက် Semester တစ်ခု ထပ် တက်ရတော့ မယ်။ ကျောင်းစရိတ်ထပ်သွင်းရ တော့မယ်။ အချိန်၊ လူ၊ ငွေ အားလုံး တစ်ကျော့ ပြန်ပြီး ပေးဆပ်ရတော့မယ်။ တကယ့်ကို ရင်လေးစရာ ကြီးပါပဲ မိတ်ဆွေ။

ကျွန်တော့်ရဲ့ ဒုတိယမြောက်ဖရုံသီးနဲ့ ဆက်ပြီးမိတ်ဆက် ပေး ပါရစေ။ မိသားစုဝင်ငွေထွက်ငွေ လေး ချောင်လည်လောက် ၄ အောင် ဆိုပြီး အရင်တစ်နှစ်လောက် ကတည်းက ကျွန်တော် လက်လှမ်း မီတဲ့ မြန်မာပြည် မိတ်ဆွေတစ်ယောက်ရဲ့ စီးပွားရေးလုပ်ငန်းထဲမှာ ငွေကြေး ရင်းနှီးမြှုပ်နှံခဲ့တယ် မိတ်ဆွေ။ စင်ကာပူဒေါ်လာ ၁၀၀၀၀/ လောက်ပေါ့။ ဒီလို ရင်းနှီးမြှုပ်နှံခဲ့တာကိုလည်း ဘုရားရှင်နဲ့ အရင်တိုင်ပင် ပြီး လမ်းပြ မှုခံယူမယ့်အစား ကိုယ့်ဉာဏ်ကိုအားကိုး၊ တွက်ချက် စဉ်းစားပြီး နောက်ဆုံးမှ ဘုရားကို ကျွန်တော် ဒါ လုပ်မလို့ ကိုယ်တော် ကောင်းချီး ပေးပါဆိုတဲ့သဘောမျိုးနဲ့ အသာလေး ဆုတောင်း ခဲ့မိ တယ်။ “ကိုယ့်

ဉာဏ် ကိုကိုယ်အမှီမပြုနှင့်” ဆိုတဲ့ သုတ္တံကျမ်း စကားဟာ ကိုယ့်ကို တိုက်ရိုက် ဆိုနေမှန်း ခံယူရ ကောင်းမှန်းလည်းမသိ။ ဒီလိုနဲ့ ရင်းနှီး မြှုပ်နှံပြီး တစ်နှစ် လောက်အကြာ ကျွန်တော် အလုပ်ထွက်၊ စာမေးပွဲတွေ ကျပြီး မကြာခင်မှာပဲ သတင်းကြားရတယ် မိတ်ဆွေ။ အဲဒီကျွန်တော့် မိတ်ဆွေရဲ့ စီးပွားရေး ဘယ်လိုမှ နလံပြန်မထူနိုင်အောင် ဘုန်းဘုန်းလဲ သွားပြီတဲ့။ လောလောဆယ် သူ့ဆီမှာ ကျွန်တော့်ရဲ့ ရင်းနှီးငွေတွေကို ဘယ်လိုမှ ပြန်ပြီး ပေးဆပ်နိုင်စွမ်း မရှိသေးသလို၊ လာမယ့် အချိန် အတိုင်း အတာတစ်ခု အတွင်း မှာလဲ အခက်အခဲရှိဦးမှာဖြစ်ကြောင်း သိရ ပြန်တယ်။ ယုံကြည်သူ ညီအစ်ကိုမောင်နှမချင်း တစ်ယောက် အခက်အခဲကို တစ်ယောက်က နားလည်ပြီး ဖေးမကူညီရမှာ ကျွန်တော်တို့ရဲ့ ကျင့်ဝတ် တစ်ခုပဲ မဟုတ်လား မိတ်ဆွေ။ ကျွန်တော့်မှာ ကျွန်တော့် မိသားစုနဲ့ အခက် အခဲ ရှိသလို။ သူ့မှာလဲ သူ့မိသားစုနဲ့ အခက်အခဲတွေ အများကြီး ရှိတယ် ဆိုတာ သိရတော့ ပိုပြီး စိတ်မကောင်းဖြစ်ရတယ်။ ကဲ မိတ်ဆွေ။ ကျွန်တော့်ရဲ့ ပြဿနာတွေက တရုတ်သိုင်းကားထဲက သိုင်းသမားတွေလို “သူ့ ထက်သူ လူစွမ်းကောင်းတွေကြီးပဲ” ဆိုသလိုမျိုးဖြစ်နေပြီ မဟုတ်လား။

အဲဒီအချိန်မှာ ကျွန်တော်တစ်ခုခံစားရတယ် မိတ်ဆွေ။ ခံစား ရတယ် ဆိုတာထက် ဝိညာဉ်တော် ဘုရား ဖွင့်ပြတယ်လို့ ပြောရင် ပိုမှန် မယ်။ ဖွင့်ပြတဲ့အရာ စာတန်ဟာ ကျွန်တော့်ကို ပြဿနာ အခက်အခဲ ပေါင်းစုံနဲ့ ဝန်းရံထားပြီး ကျွန်တော် ကိုးကွယ်တဲ့ဘုရားရဲ့ ဘုန်းတန်ခိုး အစွမ်း သတ္တိနဲ့ သူ့ရဲ့နာမကို ရှုံ့ချစေချင်တယ်။ ဘုရားကို ပြန်မေးခွန်း ထုတ်ပြီး ပြစ်မှားစေချင်တယ်ဆိုတဲ့အချက်ပါပဲ။ အဲဒီလို ဖွင့်ပြခဲ့တဲ့အတိုင်း ကျွန်တော်လည်း စာတန်ဆင်တဲ့အကွက်၊ သူဆင်တဲ့ ထောင်ချောက်ထဲ မကျအောင် ဝိညာဉ်တော်ဘုရား လမ်းပြမှုခံယူပြီး ဘုရားကိုပိုပြီး အချိန် ပေး၊ ဆက်ကပ်အသက်ရှင်တဲ့အခါ ပထမဦးဆုံး ငြိမ်သက်ခြင်းကို စ ခံစား ရတယ်။ ယော ၁၄း၂၇ မှာ မိန့်ထားခဲ့တဲ့အတိုင်း “ငြိမ်သက်ခြင်း ကို သင်တို့၌ ငါထားခဲ့၏။ သင်တို့စိတ်နှလုံးပူပန်ခြင်း၊ စိုးရိမ်တုန်လှုပ်ခြင်း မရှိ စေနှင့်” ဆိုတာ တကယ်ပါပဲမိတ်ဆွေ။ ဘုရားရှင် ပေးတဲ့ ငြိမ်သက်ခြင်း ရပြီဆိုရင် ဘာကိုမှ ပူပန်စိုးရိမ် တုန်လှုပ်ခြင်း မရှိတော့ဘဲနဲ့ အေးအေးလေးနဲ့ ငြိမ့်ငြိမ့်လေးလို့ဆိုရလောက်အောင်ကို ငြိမ်သက် အေးချမ်း နေပါတယ်။ ဒီလိုငြိမ်သက်လာပြီးနောက် ကျွန်တော် ကျေးဇူး တော် ချီးမွမ်းချင်လာတယ်။ အခက်အခဲပြဿနာတွေ ထဲမှာ ငြိမ်သက် နေရခြင်းအခွင့် မိသားစုလေးလဲ ငြိမ်သက်အေးချမ်းစွာ ကျန်းမာစွာနဲ့ ပို့ဆောင် မစ တော်မူတဲ့အတွက်။ ကျွန်တော်တို့သင်းအုပ်ဆရာ ဆုတောင်း နေကျစကားလေးလို “ငါဖြစ်သည့်အတိုင်း ငါဖြစ်နေရခြင်းဟာ ကျေးဇူး တော်သက်ပဲ” ဆိုသလိုပေါ့။ အဲဒါနဲ့ Church က ဆရာများနဲ့ လူကြီး မိတ်ဆွေ တွေကို ခေါ်ပြီး ကျေးဇူးတော်ချီးမွမ်းခြင်းဝတ်တောင် အိမ်မှာ လုပ်လိုက် ပါသေးတယ်။ ပြီးသွားတဲ့အခါ ကျွန်တော့်စိတ်ထဲမှာ ကျိတ်ပြီး ဝမ်းသာ နေခဲ့ပါတယ်။ ဒီတစ်ခါတော့ ငါစာတန်ကို လုံးဝ လက်မြှောက် အရှုံး မပေးဘဲ ကျေးဇူးတော်သက်သက်နဲ့ အောင်မြင် အနိုင်ယူ နိုင်ခဲ့ပြီ ဆိုပြီး။

အဲဒီဝမ်းသာမှုက ကြာကြာမခံလိုက်ပါဘူးမိတ်ဆွေ။ ၁ပေ ၅း၈ မှာ “သမ္မာသတိ ရှိလျက် မအိပ် ဘဲ စောင့်နေကြလော့။ သင်တို့၏ ရန်သူ တည်းဟူသော မာရ်နတ်သည် ဟောက်သောခြင်္သေ့ကဲ့သို့ အဘယ်သူကို မျို ရမည်နည်းဟူ၍ လှည့်လည်ရှာဖွေလျက်ရှိ၏” လို့ဆိုတဲ့အတိုင်း ကျွန် တော့်ရဲ့ နောက်ဆုံးပြဿနာ (သို့မဟုတ်) ထပ်ထပ်ပြီးအဆင့် ခံရတဲ့ ဖရုံသီး ကတော့ ကျွန်တော့်ဇနီးသည်ရဲ့ ကျန်းမာရေးပါပဲ။ ကျွန်တော့် ဇနီး သည်က ကလေးနှစ်ယောက်ကို နှစ်ကြိမ် ဗိုက်ခွဲ မွေးထားခဲ့တဲ့ ဒဏ်၊ မြန်မာ ပြည်မှာ နေစဉ်ခွဲထားတဲ့ ချုပ်ရိုးပွင့်ပြီး အူကျွံလို့ တတိယအကြိမ် ထပ်ခွဲ ရတဲ့ ဒဏ်တွေကြောင့်၊ အိမ်အလုပ်နဲ့နဲ ပင်ပင်ပန်းပန်း လုပ်မိတဲ့ အခါ ဗိုက်က ပြန်နာလာခဲ့တယ်။ ဆရာဝန်သွားပြတော့ ဗိုက်ပြန်ခွဲရမယ် တဲ့။ စာတန်က တတိယတစ်ချီ (တတိယမြောက်ပြဿနာ) ထိဖိထားပြီး သူ အနိုင်မရ ဘဲ ကျွန်တော်အနိုင်ယူခဲ့လို့ အခုစတုတ္ထအချီမှာ လုံးဝ အလဲထိုးဖို့ ကြံစည်နေပြီဆိုတာ သေချာပါတယ်။ သူ့ရဲ့ထိုးနှက်ချက် တွေကလည်း တစ်ချက်ဆိုတစ်ချက်ပြင်းထန်လှပြီး လုံးဝသေချာ အပိုင် အလဲထိုး အကွက်တွေကြီးပါပဲ။ ရုပ်ရှင်တွေထဲမှာ (အထူးသဖြင့် Korea ကားတွေထဲမှာ) ဆိုရင် ဇာတ်မနာ နာအောင် တမင်ဆင်ပြီး ရိုက်တဲ့ အကွက်တွေနဲ့ မတူဘူးလား။ စဉ်းစားကြည့်လေမိတ်ဆွေ။ ပထမအလုပ် က ထွက်ရတဲ့အဖြစ်၊ ဒုတိယတစ်ခါဘူးမှမကျဘူးတဲ့ စာမေးပွဲတွေ ကျရတဲ့ အဖြစ်၊ တတိယရင်းနှီးမြှုပ်နှံ မှုတွေဆုံးရှုံးရ၊ စတုတ္ထက ဇနီးသည် နေမကောင်းဖြစ်ပြီး ဗိုက်ခွဲရတဲ့အဖြစ်။ ကျွန်တော်တို့ ငယ်ငယ် တုန်းက ခေတ်စား ခဲ့တဲ့ သီချင်းလေးလို “သူနဲ့ကျမှ တိုက်တိုက်ဆိုင်ဆိုင် သူနဲ့ကျ မှ တိုက်တိုက် ဆိုင်ဆိုင် တိုက်တိုက် ဆိုင်ဆိုင်”ဆိုတဲ့ အတိုင်းပါပဲ။ တိုက် လည်း တိုက်ဆိုင်လွန်းတတ်ကြပါတယ်လို့ ပြောရမလို ပါပဲ။ တိုက်တိုက် ဆိုင်ဆိုင်ပဲဖြစ်ဖြစ် အလဲထိုးချက်တွေပဲဖြစ် အဲဒီဒုက္ခ ဝဲဂယက် တွေထဲမှာ မနစ်မွန်းသွားအောင် ကျွန်တော်ဘယ်လိုပဲ ကြိုးစား ကြိုးစား၊ ဗသမတတ် ရုန်းကန် အားထုတ်လဲ ကြာလေ နစ်လေ၊ လှုပ်လေ မြုပ်လေဆိုသလို ဖြစ် နေခဲ့တယ်။

ဒါပေမယ့် ဝိညာဉ်တော်ဘုရားရဲ့ လမ်းပြမှု၊ သမ္မာ တရားရဲ့ သွန်သင်မှုအတိုင်း ကိုယ့်ကိုယ်တိုင် တစ်ယောက် တည်း ရုန်းကန် အား မထုတ်ဘဲ ဘုရားရှင်ရဲ့ အလိုတော်ကို ဝန်ခံပြီး အလိုတော်အတိုင်း နာခံ လိုက်လျှောက်တဲ့အခါ ကျွန်တော့် ဘဝ တစ်ခုလုံးကို ကျွန်တော် ဖြစ်ချင် တာ ဖြစ်လိုတာတွေထက် ဘုရား အလိုတော် အတိုင်း လိုက်လျှောက်ဖို့ လက်တော်ထဲ အပ်နှံလိုက်တဲ့အခါ ကျွန်တော်ဟာ ပြောပြခဲ့တဲ့ ဒုက္ခ ပြဿနာ ဝဲဂယက်တွေအပေါ်မှာ လေဟုန်စီး သလိုမျိုး ပေါ့ပါး ငြိမ်သက် စွာနဲ့ ကျော်ဖြတ်နိုင်ခဲ့တယ် မိတ်ဆွေ။ မ ၁၁း၂၈–၂၉ မှာ ခရစ်တော် မိန့်တော်မူခဲ့တယ် မဟုတ်လား မိတ်ဆွေ။ “ဝန်လေး၍ ပင်ပန်းသော သူ အပေါင်းတို့ ငါ့ထံသို့လာကြလော့။ ငါသည် ချမ်းသာပေးမည်။ ငါ့ ထမ်းဘိုးကို တင်၍ ထမ်းကြလော့။ ငါ့ထံ၌ နည်းခံ ကြလော့။ သင်တို့ စိတ်နှလုံး သည် သက်သာခြင်းကိုရလိမ့်မည်” လို့။

ဘုရားရှင်ရဲ့ ကျေးဇူးတော်သက်သက်နဲ့ ကျွန်တော့်ဇနီးသည်ရဲ့ Operation ကို မြန်မာပြည် မှာ အောင်မြင်စွာနဲ့ ပြန်လုပ်ဖြစ်တယ် မိတ်ဆွေ။ ကျေးဇူးတော်သက်သက်ကြောင့် ၂နာရီ ကျော်ကြာတဲ့ Operation က ဘာအခက်အခဲ ပြဿနာကြီးကြီးမားမား မရှိဘဲ ပြီးစီး ခဲ့သလို ဇနီးသည်လည်း မြန်မြန် ဆန်ဆန်နဲ့ ကျန်းမာလာပြီး ထူထူ ထောင်ထောင် ဖြစ်လာခဲ့တယ်။ အလုပ်မဆင်းသေးတဲ့အတွက် ကျွန်တော် လည်း ပြန်လိုက်သွားပြီး တစ်လနီးနီး ကိုလိုက်ပြီး ပြုစု ပေးနိုင်ခဲ့တယ်။ မြန်မာပြည်မှာ တစ်လလောက် ရှိနေစဉ် အတောအတွင်း ကျထားတဲ့ စာမေးပွဲတွေကို ပြန်ဖြေထားတယ် အောင် စာရင်း ထွက်လာခဲ့တယ်။ ရန်ကုန်မှ Online ဝင်ကြည့်တာ ကျွန်တော် ကောင်းကောင်းမွန်မွန် အောင်မြင်ခဲ့ တယ်။ ဗိုက်ခွဲထားတာ သုံးပတ် လောက်ရှိပြီဖြစ်လို့ ကျွန်တော့် ဇနီးသည် စင်ကာပူပြန်ပြီး နားလို့ရ ကြောင်း ဆရာဝန်ကြီးရဲ့ ခွင့်ပြုချက်ရတာနဲ့ ပြန်ခဲ့တာ။ စင်ကာပူ မှာလည်း ကလေးနှစ်ယောက်နဲ့ ကျွန်တော့် ယောက္ခမ တစ်ယောက်ပဲ ကျန်ခဲ့တော့ တစ်ဖက်ကလည်း စိတ်

မအေးဘူးပေါ့။ ဘုရားရှင်ရဲ့ ကွယ်ကာ စောင့်မမှုကြောင့် ကျွန်တော်တို့ စင်ကာပူကို ချောမောစွာ ရောက်ရှိသလို ကျန်ခဲ့တာ မိသားစု လည်း အဆင်ပြေ ချောမွေ့စွာ ရှိကြပါ တယ်။ စင်ကာပူ ရောက်ရောက်ချင်း ကျွန်တော် HandPhone ဖွင့်လိုက်တော့ အလုပ်နဲ့ပတ်သက်တဲ့ Message တစ်ခုက ရောက် နေခဲ့တယ်။ ဒီလိုနဲ့အကျဉ်းချုပ်ပြော ရရင် ကျွန်တော် Interview တစ်ချက်မဝင်၊ အိမ်ထဲက အိမ်ပြင် မထွက်ရဘဲနဲ့ ကျွန်တော် လိုချင်တဲ့ လစာအတိုင်း အလုပ်တစ်ခုရခဲ့တယ်။ ကျွန်တော့်ရဲ့ ပြဿနာ အခက် အခဲတွေဟာ သူ့အချိန်နဲ့သူ တစ်ခုပြီးတစ်ခုကို ပြေလည် အဆင်ပြေ လာခဲ့တယ်။ ရင်းနှီးမြှုပ်နှံမှုကိစ္စကလွဲရင်ပေါ့။ ဒါကိုလည်း ကျွန်တော် သိပ်ဂရုမစိုက်တော့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒီငွေလေး မဆိုထားနဲ့၂ချစ် ကမ္ဘာလုံးကို ဖန်ဆင်းပိုင်သအုပ်စိုးတဲ့ ဘုရားရှင်နဲ့ သိကျွမ်း မိဿဟာရ ဖွဲ့ခွင့်ရပြီး သူရဲ့ဂတိတော်များအပေါ် မှီခိုကိုးစား နေနိုင်မှတော့ ကျွန်တော် ဘာပူစရာ လိုနေဦးမှာလဲ။ ယေရမိ ၂၉း၁၂-၁၄ မှာ ပြောထားတယ် မဟုတ်လား။ "သင်တို့သည် ငါ့ကို ခေါ်၍ သွားလာကြလိမ့်မည်။ ဆုတောင်းသောအခါ သင်တို့စကားကို ငါ နားထောင်မည်။ ငါ့ကိုရှာသောအခါ စိတ်နှလုံးအကြွင်းမဲ့နှင့် ရှာလျှင် တွေ့ကြလိမ့်မည်။ ငါသည် လည်း သင်တို့အတွေ့ကိုခံမည်" လို့။ ဒီထက်ကောင်းတဲ့ဂတိတော် ဘယ်မှာ ရှိဦးမှာလဲ မိတ်ဆွေ။ မနေ့၊ ယနေ့၊ နောင်ကာလ ပြောင်းလဲခြင်း မရှိတဲ့ အနန္တတန်ခိုးရှင် ဘုရားဟာ သူပေး ခဲ့တဲ့ ဂတိတော်တွေအတိုင်း ကျွန်တော်က တကယ် စိတ်နှလုံး အကြွင်းမဲ့နဲ့ရှာတဲ့အခါမှာ အတွေ့ခံခဲ့ တယ်။ ကောင်းတဲ့ ဆုတွေကိုလည်းပေးခဲ့တယ်မိတ်ဆွေ။

ကဲ ဒီတော့ ကျွန်တော် ဒီလိုကောင်းမြတ်လှတဲ့ ဘုရားရှင်ကို ဘယ်လို စိတ်နှလုံးအကြွင်းမဲ့နဲ့ ရှာလို့အတွေ့ခံတော်မူခဲ့လဲ။ ကျွန်တော် ဘယ်လို ခေါ်ပြီးသွားလာခဲ့သလဲ။ ကျွန်တော်ဘယ်လို ဆုတောင်းလို့ ကျွန်တော့် စကားကို နားထောင်ခဲ့သလဲဆိုတာ မိတ်ဆွေ သိချင် နေ လောက်ပြီ ထင်ပါတယ်။ ကျွန်တော်လိုက်လျှောက်ကျင့်သုံးခဲ့တဲ့ အဆင့် သုံးဆင့် ကတော့ ရိုးရိုးလေးနဲ့ရှင်းရှင်းလေးပါပဲ မိတ်ဆွေ။ ပထမဆုံး အဆင့် လေးကိုတော့ ကျွန်တော်က "ဆည်းကပ်လျက်နာခံ" လို့ နာမည် ပေးထား တယ်။ သမ္မာကျမ်းစာကိုလေးလေးနက်နက် အချိန်ပေးဖတ်ရှုပြီး နာခံ လိုက်လျှောက်ခြင်းပဲဖြစ်တယ်။ ကျမ်းစာ ကို မျက်စိနဲ့ သာမန် ဖတ်ရှုခြင်း မဟုတ်ဘဲ မျက်စိကဖတ်တာကို နှလုံးသားနဲ့ ခံယူတယ်။ မှတ်သားတယ်။ ဝိညာဉ်တော်ဘုရားရဲ့ လမ်းပြသွန်သင်မှုကို လိုက် လျှောက် တယ်။ အရင်ကလို ကျမ်းစာဖတ်ပြီး ဦးနောက်နဲ့ ချိန်ထိုး စဉ်းစား မနေဘဲ "မနက်ဖြန်နေ့အတွက် မစိုးရိမ်နဲ့" ဆိုရင် ဘာကိုမှ မစိုးရိမ်ဘဲ နေလိုက်တယ်။ "သင်သည် ယုံကြည်နိုင်သလော။ ယုံကြည် သောသူဖြစ်လျှင် ခပ်သိမ်းသောအမှုတို့ကို တတ်နိုင်သည်" လို့ဆိုရင် ဘာကိုဘာမှ မစဉ်းစားဘဲ ယုံကြည်ပစ်လိုက်တယ်။ အထူးသဖြင့် ကျွန်တော့် ကို သွန်သင်ခဲ့တဲ့အချက်တွေဆိုရင် ချည်နှောင်မှုများ ဖြေလွှတ်ဖို့ မဿဲ ၁၈း၃၅ နဲ့ သွန်သင်တယ်။ ဖြစ်သမျှအရာရာမှာ မစိုးရိမ်ဘဲ ကျေးဇူးတော်ချီးမွမ်းပြီး ဆုတောင်းအသက်ရှင်ဖို့ ဖိ ၄း၆-၇ နဲ့သွန်သင်တယ်။ ဇာတိပကတိနဲ့ အသက်မရှင်ဘဲ ဝိညာဉ်ပကတိအတိုင်း ကျင့်ကြံအသက်ရှင် ဖို့ ရောမ ၈း၁ နဲ့ တစ်ခန်းလုံးမှာ သွန်သင်တယ်။ ပြောပြရရင်တော့ သွန်သင်ချက်တွေက ကုန်မှာ မဟုတ်သလို တစ်ယောက် နဲ့ တစ်ယောက် ခံရမယ့်သွန်သင်မှုများလည်း တူမှာ မဟုတ်ဘူး မိတ် ဆွေ။ အဓိကအချက်ကတော့ ရိုးရိုးလေးဖတ်ရှုနာယူပြီး နာခံ လိုက် လျှောက်ဖို့ပါပဲ။

ဒုတိယ အဆင့်ကတော့ "ယုံကြည်လျက် ဆုတောင်းပဌနာပြု" ခြင်းပဲဖြစ်ပါတယ်။ "ယုံကြည်လျက်" လို့ဆိုတဲ့နေရာမှာ ယာကုပ် ၁း၆ မှာ ပါတဲ့ "တွေးတောခြင်း ကင်းတဲ့ ယုံကြည်ခြင်းမျိုး"၊ မဿဲ ၂၁း၂၁ မှာပါတဲ့ "ယုံမှားခြင်းနှင့်ကင်းသော ယုံကြည်ခြင်းမျိုး"၊ မဿဲ ၁၅း၂၂-၂၈ မှာပါတဲ့ ခါနာန် အမျိုးသမီးလို ဇွဲကြီးအားသန်လှတဲ့ ယုံကြည်ခြင်းမျိုး" အဲဒီလို ယုံကြည်ခြင်း မျိုးတွေနဲ့ တောင်း လျှောက်ဖို့ သွန်သင် ခံခဲ့ရတဲ့ အတိုင်း လိုက်လျှောက် ခဲ့တယ် မိတ်ဆွေ။ နောက်ဆုံး အဆင့်ကတော့ "မျှော်လင့် ချက်ချီးမွမ်းခြင်း" ပဲဖြစ် တယ် မိတ်ဆွေ။ ယုံကြည်လျက်နဲ့ ဆုတောင်း ပဌနာပြုလိုက်ပြီဆိုရင် မိတ်ဆွေ ယုံကြည်ခြင်းရဲ့ စံနှုန်းအတိုင်း တောင်း လျှောက်ထားတဲ့ အရာ ဟာ ဘုရား အလိုတော်နဲ့အညီ အနေအနဲ့ အမြန် ဖြစ်လာမှာပဲမိတ်ဆွေ။ ဖြစ်လာမယ့် အပေါ် မျှော်လင့် ပြီးချီးမွမ်း နေခြင်းဟာ အဲဒီ ကောင်းချီး မင်္ဂလာတွေ မိတ်ဆွေဆီ အလျင်အမြန် ရောက်လာစေမယ့် တွန်းအား တွေပါပဲ မိတ်ဆွေ။ မယုံမရှိပါနဲ့မိတ်ဆွေ။ ဖော်ပြခဲ့တဲ့အဆင့် ၃ ဆင့်ဟာ ကျွန်တော်ရဲ့ ဝိညာဉ်ရေးအသက်တာ တမဟုတ်ချင်း ရင့်ကျက် ကြီးထွား စေပြီး ဘုရားရှင်အလိုကျ အသက်ရှင် နေထိုင်နိုင်စေခဲ့တဲ့အပြင် ဘုရား အလိုတော်နဲ့အညီ ကောင်းချီးမင်္ဂလာများ ရယူခံစားစေခဲ့ပါတယ်။ ဒါပေမယ့် ခံစားရတဲ့ ကောင်းချီးမင်္ဂလာများ အပေါ်မှာ ခံစားယစ်မူး နေခြင်း မျိုး မရှိဘဲ ကောင်းကြီးမင်္ဂလာတွေ ပေးပိုင်တဲ့ အရှင့်အပေါ်မှာပဲ ယုံကြည် ကိုးစားပြီး ဘုန်းတော်ထင်ရှားမယ့် အသက်တာနဲ့ နေထိုင် အသက်ရှင်ဖို့ သွန်သင်ဖွင့်ပြခဲ့ရကြောင်းကိုလည်း စကား လက်ဆောင် ထပ်ပါး ပါရစေ မိတ်ဆွေ။ နိဂုံးချုပ်ရမယ်ဆိုရင် လူတိုင်းလူတိုင်းဟာ ကျန်းမာရေး၊ ပညာ ရေး၊ လူမှုရေး၊ စီးပွားရေး (သို့) အလုပ်အကိုင် စတဲ့အခက်အခဲ ပြဿနာ တစ်ခု မဟုတ်တစ်ခု ထက်ပိုပြီး ရှိတတ်ကြပါတယ်။ ကျွန်တော် ရဲ့ ကိုယ်တွေ့ အတွေ့အကြုံအရ ယုံကြည်သူ မောင်နှမများ ဒီလို အခက် အခဲ ပြဿနာများကြုံတွေ့ရပြီ ဆိုရင် အဲဒီဒုက္ခတွေထဲမှာ ချောင်ပိတ် မနေဘဲ အရာရာထက် အတိုင်း အဆမရှိ ကြီးမြတ်စုံလင်တဲ့ ဘုရားရှင်ကို ကျော်ပြီး ကြည့်တတ်၊ ယုံကြည် အားကိုးတတ်မယ်ဆိုရင် " God is greater than any problem I have" ဆိုတဲ့ စကား လေးအတိုင်း ဒီဘုရားရှင်ကို ခိုလှုံကိုးစား ခြင်း အားဖြင့် အခက်အခဲ ပြဿနာ များ အားလုံးကို အောင်မြင် ကျော်လွှား နိုင် မယ်ဆိုတာ သေချာ ပါတယ် မိတ်ဆွေ။ ညီအစ်ကို မောင်နှမ အ ယောက်စီတိုင်း ဝိညာဉ်ရေးမှာ ဆထက် တိုး၍ ကြီးထွားရှင်သန်ပြီး သခင် ဘုရားအလိုတော် နှင့်အညီ မျှော်လင့် သော အရာများကို မျက်မှောက် ပြုစေနိုင်ပါမည့်အကြောင်း ဆုတောင်း မေတ္တာပို့သပါတယ်။ အာမင်။

*ခက်ပိုင်တီ*

---

## ယုံကြည်ခြင်းကြောင့်ရရှိသောဆုလာဘ် (Y.K.T)

ရှေးဦးစွာ ဘုရားသခင်ရဲ့ ကျေးဇူးတော်ကို ချီးမွမ်းပါတယ်။




ကျွန်မ ရဲ့ အသက်တာမှာ ယုံကြည် ခြင်းနဲ့ ပါတ်သက်လို့ အနည်းငယ် သက်သေ ခံချင် ပါတယ်။ လောကမှာ လူတွေက ယုံကြည်တယ်၊ ဘုရား သခင်ကို အကြွင်းမဲ့ယုံကြည်တယ်လို့ ပြောကြတယ်။ တကယ် တမ်း ကျ တော့ အမှန်တကယ် ယုံကြည်တယ် ဆိုတာ နဲပါတယ်။ ဥပမာ ကိုယ့် မိသားစု အခက်အခဲတစ်ခုနဲ့ တွေ့သည် ဖြစ်စေ၊ ကိုယ်တိုင် အခက်အခဲ တစ်ခု ရင်ဆိုင်ရသည်ဖြစ်စေ၊ ဘုရားကို ကျွန်မတို့ အရင် သတိမရဘဲ လူလူချင်း အကူအညီတောင်းမိကြတယ်။ ကိုယ့်အခက် အခဲကို ကိုယ့်နည်း ကိုယ့်ဟန်နဲ့ ဖြေရှင်းကြတယ်။ ဒါပေမယ့် အဲဒီလို

ဖြေရှင်းတဲ့ အခါမှာ မလွယ် ကူပါဘူး။ အဲဒီအခါကျမှ ဘုရားကို ဆုတောင်းဖို့ သတိရလာကြ တယ်။ ဒါကြောင့် (ရှင်လုကာ ၁၇း၆) မှာ ကြည့်မယ်ဆိုရင် “သင်တို့ သည် မုန်ညင်းစေ့ခန့်မျှလောက်သော ယုံကြည်ခြင်းရှိလျှင် ထို သဖန်းပင် ကို အချင်းအပင်၊ သင်သည် အမြစ် နှင့်တကွ နှုတ်၍ ပင်လယ်၌ စိုက်လျက် နေလော့ဟုဆိုသော် သင်တို့ စကားကို နားထောင်လိမ့်မည်” ဒီကျမ်းချက်လေးကို အခြေခံပြီး ကျွန်မ သက်သေခံချင်ပါတယ်။ ကျွန်မ စင်ကာပူမှာ အလုပ်လုပ်ဖို့ ထွက်လာ ကတည်းက လွယ်ကူစွာ မရရှိခဲ့ ပါဘူး။ ဒါပေမယ့် ကျွန်မဘုရားကို အားကိုးယုံကြည်စွာ ဆုတောင်းပြီး ရောက်ရှိခဲ့ ပါတယ်။ ကျွန်မ အိမ်ရှင် အိမ်ကိုရောက်တာ မေလ (၂၅) ရက်နေ့ ဖြစ်ပါတယ်။ ကျွန်မက အသက် (၈၈)နှစ် အဘိုးကြီးကို ကြည့်ရပါတယ်။ ၃ ရက်လောက်ကြာတော့ ကျွန်မသူ့ကို မေးတယ်။ ငါ့အိမ်ကို ဖုန်းဆက်ချင်တယ်။ အဲဒါငါနှင့်ကို ပိုက်ဆံပေးမယ်။ ငါ့ကို ဖုန်း ကဒ်ဝယ်ပေးပါလားလို့ ကျွန်မ မေးတော့ သူက ဘာပြောလဲ ဆိုတော့ သူ ဖုန်းကဒ်အကြောင်း နားမလည်ဘူးတဲ့။ ဘယ်လို ဝယ်ရမှန်းလည်း မသိ ဘူးတဲ့။ အဲဒါနဲ့ ကျွန်မလည်း စိတ်ညစ်သွားတယ်။ ဒါနဲ့ပဲ ကျွန်မ အခန်းထဲ သွားပြီး ဆုတောင်း ချက်စာအုပ်လေးထဲမှာ ဘာရေးလဲ ဆိုတော့ “ကိုယ်တော် သမီး ၃လပြည့်တဲ့နေ့ ဖုန်းတစ်လုံး လိုချင်တယ်” လို့ ရေးပြီး အဲဒီနေ့ကစပြီး ဒူးထောက်ပြီး တစ်နေ့ သုံးကြိမ်ဆုတောင်းတယ်။ ပြီးတော့ (မဿဲ ၇း၇) ကိုလည်းဖတ်ပြီး ဆုတောင်းတယ်။ ကိုယ်တော် ပြောတယ် တောင်းပါ။ သင်တို့ တောင်းသမျှကို ငါပေးမယ်။ ကျွန်မ ယုံကြည်တယ်။ ကျွန်မတို့ ကိုးကွယ်တဲ့ ဘုရားသခင်က အသက်ရှင် တယ်။ အဲဒီလိုနဲ့ ဆုတောင်းတာ ဇူလိုင်လ (၂၅)ရက်နေ့မှာ ကျွန်မ အိမ်ရှင် ဆီကို ကျွန်မဦးလေး ဖုန်းဆက် လာတယ်။ ကျွန်မကို ဘာပြောလဲ ဆိုတော့ ငါဒီနေ့အလုပ်မဆင်းဘဲနဲ့တဲ့ နင့်ကို ဖုန်းလာပို့ပေးမယ်တဲ့။ ဟာ ... ကျွန်မ အတိုင်း မသိ ဝမ်းသာပါ တယ်။ ဩော် ... ဒီနေ့ ငါ ဆုတောင်းတာ ၃ လပြည့်တဲ့နေ့ပဲ။ တစ်ရက် ကလေးတောင် မစွန်းဘူး။ ဒါနဲ့ ကျွန်မ ချီးမွမ်းတယ် “ကောင်းမြတ်သော ဘုရားသခင် ဟာလေ လုယာ ကျေးဇူးတင်တယ်လို့ ကျွန်မချီးမွမ်းတယ်။ ရမယ်ဆိုတဲ့ ယုံကြည် ချက်နဲ့ တောင်းပါ။ တကယ်ရပါတယ်။ စိတ်ရှည်စွာနဲ့ အချိန်ကို စောင့်ဘို့လိုပါတယ်။ ကျွန်မတို့လူသားတွေဟာ ယုံကြည်ခြင်း အားကြီး ဘို့ လိုပါတယ်။ တစ်ခါတစ်လေမှာ စိတ်ညစ်စရာ ကြုံလာတဲ့အခါ ယုံကြည်ခြင်း အားနဲကြပါတယ်။ ဒါဆိုရင် ဟင်းတစ်ခွက် မှာ အသား မပါတဲ့ ဟင်းနဲ့ တူနေပါလိမ့်မည်။ စုံစမ်းနှောင့်ယှက်ခြင်း ခံရတဲ့ အခါမှာ လည်း ကိုယ်ကလည်း ဘုရားကို မေ့နေမယ်ဆိုရင် လူ့ဘဝ အသက်ရှင် ရတာဟာ ဘာမှအဓိပ္ပာယ် မရှိပါဘူး။ ဒါကြောင့် ကျွန်မတို့ရဲ့ အသက် တာမှာ ပြဿနာအသေးအဖွဲလေးပဲဖြစ်ပါစေ။ အကြီးအမား ပဲဖြစ်ပါစေ။ ဘာပဲ ဖြစ်ဖြစ် ဘုရားသခင်ကို သတိရပြီး ယုံ ကြည်ခြင်း အားကြီးစွာနဲ့ တောင်းမယ်ဆိုရင် အမှန်တကယ်ပေးသော ဘုရား သခင်ဖြစ်ပါတယ်။ ဒါကြောင့် “ယုံကြည်ခြင်းကြောင့် ရရှိသော ဆုလာဘ်” ဆိုတဲ့ အကြောင်း အရာ သက်သေခံချက်ကို ဖတ်ရှုသူ အယောက်စီတိုင်းကို ဘုရားသခင် ကောင်းကြီးပေးပါစေ။ **(Y.K.T)**

-----------------------------------------------------------

## သက်သေခံချက် နော်ချိုလေး (အင်းစိန်)

ရှေးဦးစွာ သက်သေခံခွင့်ရလို့ ဘုရားရှင်ကို ကျေးဇူးတော် ချီးမွမ်းပါတယ်။ ကျွန်မ ဟာ ကိုယ်တော်ကို အရမ်းယုံကြည် ကိုးစားတဲ့ သူပါ။ ဘုရားရဲ့ အလိုတော်ကိုလဲ ဝန်ခံတတ်ပါတယ်။ ဘုရားနဲ့ ဆုတောင်း ဆက်ကပ်ခြင်း အစာရှောင်ခြင်းတွေ ပြုလုပ်ခဲ့ပါတယ်။ ကျွန်မ ဟာ ဘဝမှာ ဘာပဲလုပ်လုပ် ဘုရားရှင်ကို ဆုတောင်းပြီးမှ ပြုလုပ်ခဲ့ တာပါ။ ဒါပေမယ့် မထင်မှတ်ဘဲ ကျွန်မရဲ့ဘဝမှာ စာတန်ရဲ့ လှည့်စား ခြင်း ထဲကို တိုးဝင်ခဲ့မိပါတယ်။ စိတ်ထဲမှာတော့ ဘုရားတတ်နိုင် တယ်ဆို တာ သိပေမယ့် လက်တွေ့မှာတော့ ကျွန်မတို့ မလုပ်နိုင်ခဲ့ပါဘူး။ ကျွန်မ ပြည်ပ ခရီးစဉ် အတွက် ဆုတောင်းဆက်ကပ်ခဲ့ပါတယ်။ ဘုရားရဲ့ အလိုတော် မရှိလို့လားတော့ မသိပါဘူး။ ကျွန်မရဲ့ ခရီးစဉ်ကြာခဲ့ပါ တယ်။ ကျွန်မ စင်ကာပူမှာ အလုပ်ရဖို့ လျှောက်ထားတာ (၆)လလောက် ကြာခဲ့ပါတယ်။ ဒါနဲ့ပဲကျွန်မအမေကပြောတယ် ဘာလို့ကြာတာလဲတဲ့ ကျွန်မ လည်းဘယ်သိမလဲနော်။ အမေက ကျွန်မကို ပြောလာတယ်။ အမြန်ပြည်ပ သွားရဖို့ ဗေဒင် သွားတွက်မယ်တဲ့ ပထမတော့ ကျွန်မ လက် မခံဘူး။ နောက် တစ်နေ့ကျတော့ ကျွန်မရဲ့စိတ်ထဲမှာ စာတန်ကို နေရာ ပေးလိုက်မိတယ်။ ကျွန်မ စမ်းသပ်ချင်တဲ့ စိတ်တွေပေါ်လာတယ်။ ဘာဖြစ်လို့လဲဆိုတော့ ငါတို့ရဲ့ဘုရားက အရာခပ်သိမ်းတတ်နိုင်တဲ့ဘုရား၊ ဘုရား ထက်သူက ဘယ်လောက်တောင်တတ်နိုင်လို့လဲ သူက ဘာတွေ ကြိုမြင် နိုင်လို့လဲဆိုပြီး ကျွန်မရဲ့ အတွေးထဲမှာ စမ်းသပ်ချင်တဲ့ စိတ်တွေ ပေါ်လာခဲ့တယ်။ ဒါနဲ့ပဲ ကျွန်မ အမေနဲ့ ကျွန်မ ဗေဒင်သွားတွက် ခဲ့ကြ တယ်။ ကျွန်မရဲ့ စိတ်ထဲမှာ သူဘာပြောပြော မယုံကြည်ပေမယ့် ကျွန်မ ဘုရားသခင် မကြိုက်တဲ့ ဒုစရိုက်ကို ပြုမိခဲ့ပြီလေ။ အဲဒီအတွက် ဘုရားရဲ့ ဒဏ်ခတ်ခြင်းဟာ တကယ်ကိုကြောက်စရာကောင်းခဲ့ ပါတယ်။ ပြည်ပ သွားဖို့ ပိုက်ဆံအလိမ်ခံလိုက်ရပါတယ်။ မိသားစုပြဿနာ တွေနဲ့အတူ အိမ်ပေါင်ပြီး လုပ်ထားရတဲ့အတွက် ဒုက္ခအပူမီးတွေ ကျွန်မတို့ မိသားစု အားလုံးကို လောင်မြိုက်ခဲ့ပါတယ်။ ကျွန်မ တို့အားလုံး မစားနိုင် မသောက်နိုင်နဲ့ စိတ်ဖိစီးမှုတွေနဲ့ အသက်ရှင်ခဲ့ရပါတယ်။ ထာဝရ ဘုရား ရှင်ရဲ့ ဒဏ်ခတ်မှုဟာ အရမ်းကြောက်စရာ ကောင်းခဲ့ပါတယ်။ ကျွန်မတို့ မိသားစု အားလုံး ညဘက်ဝတ်ပြု အစည်း အဝေးမှာ ကျွန်မကပဲ ဦးဆောင်ပြီး အားလုံးကို အပြစ်ဝန်ချ တောင်းပန် ဖို့နဲ့ ဘုရားရဲ့ အလို တော်ကို ဝန်ခံဖို့ ပြောခဲ့ပါတယ်။



ကျွန်မတို့ မိသားစုပြုမိခဲ့တဲ့ ကိုယ်တော် မကြိုက် မနှစ် သက်တဲ့ အရာ အားလုံးနှင့်အတူ အပြစ် များကို ကိုယ်တော်ရဲ့ ခြေတော်ရင်းမှာ နှောင်တ ကြီးစွာဖြင့် တိုးဝင် ချဉ်း ကပ်ပါ၏ လို့ ကျွန်မ ဆုတောင်း ခဲ့ပါတယ်။ ကိုယ်တော်ရှင်ဟာ ဘယ် လောက် ကောင်းမြတ် သလဲ ဆိုရင် နောင်တနဲ့ ပြန် လာတဲ့ ကျွန်မ ကို လက်ခံ ရုံတင် မကဘူး ထူးခြား မှုတွေကိုပါ ပေးခဲ့ပါ တယ်။ အဲဒါ ကတော့ စင်ကာပူမှာ အလုပ် လုပ်ဖို့ ကျွန်မ အလုပ် လျှောက်တာ တစ်ပတ်အတွင်း အလုပ် ခေါ်စာ ရောက်လာ ခဲ့ပါတယ်။ ကျွန်မ တကယ် အံ့ဩမိပါတယ်။ ကျွန်မ တို့ ကိုးကွယ်တဲ့ ဘုရား သခင်ဟာ သူမတတ်နိုင်တာ ဘာမှ မရှိပါ ဘူး။ ကျွန်မ ဒူးထောက် ဆု တောင်းပြီး ကိုယ်တော်ရှင်ကို ကျေးဇူးတော် ချီးမွမ်းခဲ့ပါတယ်။ ဘုရား ရှင်က တကယ်ကို ကောင်းမြတ်ပါတယ်။ ကျွန်မ သက်သေခံရတဲ့ အ ကြောင်း ကတော့ ကျွန်မလို မလုပ်မိဖို့နဲ့ ကိုယ်တော် ရှင်က ဘာမဆို တတ် နိုင်တယ် ဆိုတာကို ယုံကြည်ကိုးစား ဖို့ပဲလိုပါ တယ်။ အလိုတော် ဝန်ခံ တတ်ဖို့နဲ့ ဘုရားရဲ့ ကောင်းမြတ်ခြင်းကို ယုံကြည်သူ အယောက် စီတိုင်းကို သက်သေခံပါတယ်။ ဘုရားရှင် ကောင်းကြီး ပေးပါစေ။

-----------------------------------------

*မင်း အောင် သက် လွင် စီ စဉ် ထုတ် ဝေ သည်*



သခင့်စကား ဝိညာဉ်ရေး ဂျာ စာစောင်အမှတ်စဉ် ၁၀၄၊ ဧပြီလ ၂၀၁၀ခုနှစ်။ စင်ကာပူနိုင်ငံရှိ မြန်မာခရစ်ယာန်
အသင်းတော်များအတွင်း အခမဲ့ ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။